ဗဟုသစ္စဋ္ဌ တော ံမင်္ဂလ မုတ္တမံ၊ အကြားအမြင်များခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၉)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျေရှားနှင့် အဖွဲ့ဝင်များက ရန်ကုန်မြို့ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမသို့ လာရောက် ဂါရဝပြု တွေ့ဆုံစဉ်။ (အောက်ပုံ) (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျေရှားနှင့် အဖွဲ့ဝင်များက ရန်ကုန်မြို့ပြည်လမ်းရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ သံတမန်ခန်းမသို့ လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်စဉ်။ (ယာပုံ) (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျေရှားနှင့်အဖွဲ့ ဂါရဝပြုတွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်မြို့တွင်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျေရှားနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ သံတမန်ခန်းမသို့ လာရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျေရှားနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝင်ငွေတိုးတက်ရရှိရေး ကျောက်စိမ်း၊ ကျောက်မျက်နှင့် အခြားသတ္တုများ တိုးချဲ့ရှာဖွေဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိုင်ငံတော်က ကျောက်မျက်ရတနာလုပ်ငန်းမှ ဝင်ငွေရရှိမှု အခြေအနေ၊ ၂၀၀၃ ခုနှစ် နှစ်လည်ကျောက်မျက်ပြပွဲ ***စာမျက်နှာ ၇ ကော်လံ ၁*** ▼

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

အမျိုးသားအကျိုးစီးပွားတိုးတက်ဖြစ်ထွန်းစေရေး ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ရှာဖွေထုတ်လုပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် မှန်ကန်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် ၁၂ ရပ်ချမှတ်ကာ နေ့မအား ညမနား ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဘက်စုံတိုးတက်စေရန် ဆောင်ရွက်ရာတွင် စီးပွားရေးကဏ္ဍသည် အဓိကကျသည့် ကဏ္ဍဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးအင်အားတောင့်တင်းခိုင်မာရေးအတွက် ကိုယ့်ခွန်ကိုယ့်အားအပေါ် အခြေခံပြီး ရနိုင်သမျှအရင်းအနှီး၊ ရနိုင်သမျှစွမ်းအင်များကို စုစည်းကာ နိုင်ငံဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့သည်။

ထို့ကြောင့် ယနေ့အချိန်အခါတွင် နိုင်ငံတော်၌ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုစသည့် စီးပွားရေးကဏ္ဍကြီးများသည် မှန်မှန်ဖွံ့ဖြိုးတိုးတက်နေပြီ ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်မြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်အတွင်းရှိ များပြားကြွယ်ဝလှသည့် သဘာဝသယံဇာတအရင်းအမြစ်များကို အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းစေရန် စနစ်တကျ ထုတ်ယူအသုံးပြုသွားကြရမည် ဖြစ်သည်။

အမျိုးသားအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် စနစ်တကျထုတ်ယူအသုံးပြုရမည့် သဘာဝသယံဇာတများတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့လည်း ပါဝင်နေသည်။

စွမ်းအင်ဝန်ကြီးဌာနသည် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ထုတ်လုပ်ရာတွင် ကမ်းလွန်နှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ လုပ်ကွက်များက ထုတ်လုပ်လျက်ရှိသကဲ့သို့ ကုန်းတွင်းပိုင်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေအသစ်များ ရှာဖွေဖော်ထုတ်လျက်ရှိသည်။ ယင်းသို့ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပြည်ပကုမ္ပဏီများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation နှင့် ရခိုင်ကမ်းလွန်ဒေသ လုပ်ကွက်အမှတ် A-1 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ကို ၂၀၀၀ ပြည့်နှစ် ဩဂုတ်လ ၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၀၁ ခုနှစ်အတွင်း ဆိုက်စမစ်လိုင်းကီလိုမီတာ ၃၅၅၂ ဒသမ ၇၅ တိုင်းတာခဲ့ပြီးနောက် တွက်ချက်မှုနှင့် အဓိပ္ပာယ်ဖော်ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ကွက် A-1 အတွင်း၌ အစမ်းတွင်းအမှတ် ရွှေ–၁ ကို ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် တွင်းတူးစက် Energy Searcherဖြင့် တူးဖော်ခဲ့ရာ ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် အနက်ပေ ၁၀၅၈၈ ပေသို့ ရောက်ရှိခဲ့ပြီး စမ်းသပ်မှုများအရ G-5 သဲကြောတွင် စီးပွားဖြစ် သဘာဝဓာတ်ငွေ့ခိုအောင်းနေကြောင်း စမ်းသပ်တွေ့ရှိရသည်။

စမ်းသပ်တွေ့ရှိချက်များအရ ရွှေ–ဘူမိ အနေအထားတွင် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သည့် ပမာဏမှာ ၄ ဒသမ ၂ မှ ၅ ဒသမ ၈ ထရီလီယံကုဗပေအတွင်းရှိကြောင်း သိရှိရသည်။ အဆိုပါလုပ်ကွက်တွင် Daewoo International Corporation မှ Operator အဖြစ် ဆောင်ရွက်နေပြီး၊ အစုရှယ်ယာ ၆၀ ရာခိုင်နှုန်းပိုင်ဆိုင်ကာ ကိုရီးယားသမ္မတနိုင်ငံ Korea Gas Corp မှ ၁၀ ရာခိုင်နှုန်း၊ အိန္ဒိယသမ္မတနိုင်ငံ ONGC Videsh Ltd. မှ ၂၀ ရာခိုင်နှုန်းနှင့် GAIL (India)Ltd. မှ ၁၀ ရာခိုင်နှုန်း အစုရှယ်ယာ ပါဝင်ကြကြောင်း သိရသည်။

ယခု ရွှေအစမ်းတွင်းမှ သဘာဝဓာတ်ငွေ့ တွေ့ရှိမှုသည် နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်တစ်ခုဖြစ်ကြောင်းနှင့် အဆိုပါလုပ်ကွက်တွင် အလားအလာကောင်းသည့် ဘူမိအနေအထားများဖြစ်ကြသော ရွှေဖြူနှင့် ငွေစသည်တို့လည်းရှိသည်။ ခန့်မှန်းတွက်ချက်မှုများအရ ယင်းလုပ်ကွက်မှ သဘာဝဓာတ်ငွေ့ ၁၄ ထရီလီယံကုဗပေ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ လုပ်ကွက် A-1 မှ ရွှေ–၁ သဘာဝဓာတ်ငွေ့သိုက် ရှာဖွေတွေ့ရှိမှုကြောင့် နိုင်ငံတော်အနေဖြင့် သဘာဝဓာတ်ငွေ့အရင်းအမြစ်ပိုင်ရှင်အဖြစ် အချိုးကျ အကျိုးခံစားခွင့်များ ရရှိမည်ဖြစ်ပြီး အစုဝင်အဖြစ်ပါ ဆောင်ရွက်မည်ဖြစ်ရာ အကျိုးအမြတ်များ ထူးခြားစွာရရှိလာမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို တိုးတက်ရှာဖွေ ထုတ်လုပ်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

(၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် အခြေခံပညာအဆင့် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယို(အေ)ခန်းမ၌ ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ ကြည့်ရှုအားပေးသည်။ (အပေါ်ပုံ)

ပြိုင်ပွဲတွင် အကဲဖြတ်အမှတ်ပေးဒိုင်များအဖြစ် ရန်ကုန်တက္ကသိုလ်မှ သမိုင်းပါမောက္ခ ဒေါက်တာ ဦးကျော်ဝင်း၊ မြန်မာစာပါမောက္ခ ဒေါက်တာ ဦးခင်အေးနှင့် အဝေးသင်တက္ကသိုလ်(ရန်ကုန်)မှ သမိုင်းပါမောက္ခ ဒေါ်ခင်ခင်ထွေးတို့က ဆောင်ရွက်ကြသည်။

ဆုရှင်များ

ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းများမှ အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ ၁၇ ဦး ပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆုကို ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ဇေယျာဖြိုးကလည်းကောင်း၊ ဒုတိယဆုကို စစ်ကိုင်းတိုင်း မုံရွာမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း(အလုံတပ်မြို့)မှ နဝမတန်းကျောင်းသား မောင်နေမျိုးဇော်ကလည်းကောင်း၊ တတိယဆုကို တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသား မောင်ဒီရဲလင်းကလည်းကောင်း ရရှိကြသည်။ ဆုရရှိကြသူများအား (၅၉)နှစ်မြောက် တပ်မတော်နေ့ ဆုပေးပွဲအခမ်းအနားတွင် ဆုများချီးမြှင့်မည် ဖြစ်သည်။ **(သတင်းစဉ်)**

ရန်အောင်စာပေ ရန်ကင်းမြို့နယ် ၁၂ လုံးတန်းမီးပွိုင့်အနီးမှ ဖြန့်ချိသည့် အရှင်ကောဝိဒဇေ (ပါဠိပါရဂူ၊ ဝိနယပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ရေးသား ပြုစုသည့် 'မြတ်ဘုရားရှင် နှစ်ကျိပ်ကိုးဆူဝင်' စာအုပ်မျက်နှာဖုံး။

(က–ပ)

ကျောက်တန်း အထကကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

ကျောက်တန်း အထကကျောင်းသားဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ၁၂ရက်(ပြည်ထောင်စုနေ့)တွင် ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲတွင် အထက(၁) နှင့် အထက(၂)တို့၌ တစ်ဆက်တည်း လုပ်သက်ငါးနှစ်အထက်ရှိသည့် အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများ၊ အဆိုပါကျောင်းများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၅)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများ၊ မြို့နယ်အတွင်းရှိ အမကများမှ အသက်(၇၀)နှင့်အထက် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ သော်ကကျောင်း တည်ထောင်သည့်အချိန်မှစ၍ စေတနာဖြင့် ကူညီသင်ပြပေးခဲ့သော အသက်(၆၅)နှစ်နှင့်အထက် ပုဂ္ဂိုလ်များသည် ဦးဖေသောင်း ကျောင်းအုပ်ကြီး၊လားရှိုးဒီဂရီကောလိပ်၊ ဖုန်း–၀၈၂–၂၃၁၃၃၊ ဦးသင်းမောင် စီးပွားရေးအကြံပေးပုဂ္ဂိုလ် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ ဖုန်း–၀၁–၆၅၂၀၆၅၊ ဗိုလ်မှူးမောင်မောင်တင့် ပြည်နယ်မန်နေဂျာ၊ လယ်ယာထွက်ကုန်၊ မွန်ပြည်နယ် ဖုန်း–၀၅၇–၂၄၇၂၈၊ ဦးကြည်ညွန့် တရားရုံးရှေ့နေ၊ ဖုန်း–၀၅၆–၂၅၂၇၆၊ ဦးပိန်း ကထိကငြိမ်း၊ ဖုန်း–၀၅၆–၂၅၂၈၅၊ ဦးသောင်းရွှေ ဖုန်း–၀၅၆–၂၅၂၇၂၊ ဦးလှညွှန့် ဦးစီးအရာရှိ သမဦးစီးဌာနရုံးချုပ်၊ ဖုန်း–၀၁–၃၇၉၈၄၃နှင့် ဒေါ်မြင့်မြင့်စီ ကျောင်းအုပ်ဆရာမကြီး အထက–၁၀ တာမွေ ဖုန်း–၀၁–၅၅၅၂၄၅ တို့သို့ ဇန်နဝါရီ ၃၁ ရက်အတွင်း ဆက်သွယ်ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

မီးသတ်စခန်းများ လျှပ်စစ်ဓာတ်အားနှင့်စက်သုံးဆီသုံးစွဲမှု ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် အထူးအရာရှိ ဗိုလ်မှူးချုပ်သူရ စိန်သောင်း၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နေ့လယ်ပိုင်းက ရွှေပြည်သာမြို့နယ်၊ အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်များရှိ မီးသတ်စခန်းများသို့သွားရောက်၍ လျှပ်စစ်ဓာတ်အားနှင့် မီးသတ်ယာဉ်များ စက်သုံးဆီသုံးစွဲမှု၊ မီးဘေး ကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှူးနှင့် စခန်းတာဝန်ခံများက ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များ အသင့်ရှိရေး၊ မီးသတ်စက်ယာဉ်များကြံ့ခိုင်ရေး၊ လျှပ်စစ်ဓာတ်အားနှင့် မီးသတ်စက်ယာဉ်များ စက်သုံးဆီသုံးစွဲမှုများအား စနစ်တကျဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၁၆ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ရန်ကုန်မြို့တွင်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အနောက်ဘင်္ဂလား ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျေရှားနှင့်အဖွဲ့ဝင်များ ရန်ကုန်မြို့ ပြည်လမ်းရှိပြည်သူ့လွှတ်တော်အဆောက် အအုံသံတမန်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ပြီး အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

(သတင်း–ရွှေဖုံး)(သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလား ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ရွှေတိဂုံစေတီတော်ကြည်ညိုပြီး အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဝင်းအောင်၏ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဗီရင်ဂျေရှား(H.E.Mr.Viren J.Shah)နှင့် အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် စနာရီတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိလာရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံးမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး လိုက်လံရှင်းလင်းပြသကြသည်။

အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရွှေတိဂုံပုံတူစေတီတော်အားကြည်ညိုကြပြီး စေတီတော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီးနောက် အလှူငွေများ ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ရုံးမှ တာဝန်ရှိသူများက လက်ခံယူကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ကျောက်စိမ်းဗုဒ္ဓဆင်းတုတော်အား ကြည်ညိုပြီး သာယာဝတီမင်း လှူဒါန်းခဲ့သည့် ခေါင်းလောင်းတော်နှင့် မင်းတုန်းမင်းတင်လှူခဲ့ သောရွှေတိဂုံစေတီတော် မူလထီးတော်တို့ကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်အား လက်ယာရစ်လှည့်လည် ကြည်ညိုကြသည်။

ဆက်လက်၍ အနောက်ဘင်္ဂလား ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဇဖရ်ရှား ဂူဗိမာန်သို့ ရောက်ရှိလာရာ ဂူဗိမာန်ကြီးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးစိုးမင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အနောက်ဘင်္ဂလား ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် ဇဖရ်ရှားဂူဗိမာန်အား ဂါရဝပြုကြပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။

ယင်းနောက် အနောက်ဘင်္ဂလား ပြည်နယ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကမာရွတ်မြို့နယ်ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ မူးယစ်ဆေးဝါး ပပျောက်ရေးအထိမ်းအမှတ် ပြတိုက်သို့ ရောက်ရှိလာရာ ပြတိုက်တာဝန်ခံ ဒုတိယရဲမှူးကြီးဆယ်မောင်၊ပြတိုက်မှူး ဒုတိယရဲမှူး ဌေးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် ဧည့်သည်တော်နှင့် အဖွဲ့သည် ပြတိုက်အတွင်း၌ ခင်းကျင်းပြသထားသော ဗဟိုပြကွက် အပါအဝင် မြန်မာဘုရင်များလက်ထက် မူးယစ်ဆေးဝါးထိန်းချုပ်မှုပြကွက်၊ လွတ်လပ်ရေးရပြီးခေတ် မူးယစ်ဆေးဝါးထိန်းချုပ်မှုပြကွက်၊ မိုးဟိန်းအဆင့်(၁)မှ(၁၂)အထိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ရှားမှုပြကွက်များနှင့် မှတ်တမ်းတင်ဓာတ်ပုံများကို ကြည့်ရှု လေ့လာကြရာ ပြတိုက်တာဝန်ခံ ဒုတိယရဲမှူးကြီး ဆယ်မောင်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူးသည် ပြတိုက်ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဧည့်သည်တော် အနောက်ဘင်္ဂလား ပြည်နယ် အုပ်ချုပ်ရေးမှူးအား ပြတိုက်တာဝန်ခံ ဒုတိယရဲမှူးကြီး ဆယ်မောင်က မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေးလှုပ်ရှားမှု မှတ်တမ်းစာအုပ်များကို ပေးအပ်သည်။

ဆက်လက်၍ ဧည့်သည်တော် အနောက် ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာပြတိုက်မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြတိုက်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ဧည့်သည်တော် အနောက်ဘင်္ဂလားပြည်နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း လှည့်လည် ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

သီတဂူတရားပွဲ(ကမ္ဘာအေး)

ရန်ကုန် ဇန်နဝါရီ ၁၆

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် သာသနပါလစနေအသင်းက ကျင်းပ ပြုလုပ်သော ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အလှူတော်သတ္တမအကြိမ် သီတဂူတရားပွဲအား ဇန်နဝါရီ ၁၈ရက် (တနင်္ဂနွေနေ့)ည တရားပွဲကို ကမ္ဘာအေးစေတီတော်ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ သီတဂူဆရာတော် မဟာဓမ္မကထိကဗဟုဇနဟိတဓရအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ (သဲကုန်း၊ သပိတ်အိုင်) ဆရာတော် အရှင်ဒေါက်တာဉာဏိဿရ(D-Litt) က တရားတော်များဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ရုပ်မြင်သံကြား

၁၇–၁–၂၀၀၄
(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ ရွှေလောင်းတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar Made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၃:၂၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း–၇)
၁၃:၅၅ ၇။ ပိုလီယိုကင်းစင်ကမ္ဘာတစ်ခွင် ဆွေးနွေးခန်းအစီအစဉ်
၁၄:၁၀ ၈။ လောကနီတိ(၁) "အိုးထိန်းသည်" (ကျော်ရဲအောင်၊ ခိုင်သင်းကြည်၊ မြင့်မြင့်ခိုင်၊ ဦး စောနိုင်(ရှမ်းပြည်)၊ အိဖြူစိုး) (ဒါရိုက်တာ–ခင်ဇော်)
၁၄:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၄၅ ၁၀။ International News
၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English for Everyday Use
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) (ရက္ခဗေဒ)
၁၇:၁၅ ၆။ အကပဒေသာ
၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
၁၇:၄၅ ၈။ နားဝင်ပီယံသူ့လက်သံ
၁၇:၅၅ ၉။ "တော်ပါပေတယ် ဘွားဘွားရယ်"(မင်းမော်ကွန်း၊ မြတ်ကေသီအောင်)[ဒါရိုက်တာ–သိန်းတန်(ဖီးနစ်)]
၁၈:၀၅ ၁၀။ တေးဂီတအစီအစဉ်
၁၈:၁၅ ၁၁။ စားကြမယ်ဟော့ကောင်းကောင်း
၁၈:၃၀ ၁၂။ ညနေခင်းသတင်း
၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၄။ Discovery
၁၉:၂၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မိုးမြေဆုံးစေတော့ကွယ်"** (အပိုင်း–၆)
၁၉:၄၅ ၁၆။ ၂၀၀၃–၂၀၀၄ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ထူးချွန်ထက်မြက်ကျောင်းသားကျောင်းသူများချီးတက်သရုပ်ပြပွဲ (အပိုင်း–၂)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ မြန်မာဗွီဒီယိုဇာတ်လမ်း "ပဲ့တင်သံများ"(အပိုင်း–၂) (ရန်အောင်၊ နိုင်းနိုင်း၊ ထွန်းအိန္ဒြာဗို) [ဒါရိုက်တာ–မောင်မောင်ဦး(စနီးပိုက်)]
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

လယ်ယာထွက်ကုန်နှစ်ပတ်လည်မဂ္ဂဇင်းထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးက ၂၀၀၃ ခုနှစ် လယ်ယာထွက်ကုန် နှစ်ပတ်လည် မဂ္ဂဇင်းကို ပထမဆုံးအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းမဂ္ဂဇင်းတွင် စာရေးဆရာမကြီး စောမုံညင်း၊ မောင်ဆုရှင်၊ မောင်ပုဆိုးကြမ်း၊ ဦးဟန်ထွန်း၊ မောင်မောင်ထွန်းအောင်၊ အိကြာကွေး၊ မြမောင်မြင့်၊ ဟံသာထွန်း၊ ရွှေသဥ္ဇာ၊ ခင်လှိုင်ကြူ၊ ဆောင်းဝင်းလတ်၊ မောင်ညိုပြာ၊ သင်းသင်းသာ၊ သွန်းနှင်းအိမ်၊ ဗဂျီးဂျော်၊လေးကိုတင်၊ မောင်ခိုင်လတ်၊ဦးမောင်မောင် (မဟာဥပဒေ)၊မောင်တိုင်ပင်တို့၏ ဝတ္ထုဆောင်းပါးများ၊ မအိ၊ အောင်ဝေ၊ မြင့်မိုးအောင်တို့၏ကဗျာများနှင့် ငွေကြည်၊ တင်အောင်နီ၊ရွှေမင်းသား၊ မြေဇာ၊မောင်ဝဏ္ဏ၊ သစ်ထွဏ်း၊ ဏီမှူး၊ မြင့်စိုးလေး၊ ဟာကြူလီတို့၏ ကာတွန်းများဖြင့် စုံလင်စွာပါရှိပြီး အမြို့မြို့အနယ်နယ်ရှိ စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။**(ဝဲပုံ)**

(မြန်မာ့အလင်း)

အီရတ်နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော ရေနံလုပ်ငန်း အမေရိကန်တို့ ကျူးကျော်ခဲ့ပြီးနောက် ပျက်စီးခဲ့ရ

ကယ်ကွတ် ဇန်နဝါရီ ၁၆

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကယ်ကွတ်မြို့သည် နိုင်ငံ၏ အနာဂတ်စီးပွားရေးအချက်အချာ မြို့တစ်မြို့ဖြစ်သည်။ အီရတ်နိုင်ငံသည် ကမ္ဘာပေါ်၌ ဒုတိယမြောက် ရေနံအများဆုံးထွက်သည့်နိုင်ငံဖြစ်ပြီး ၎င်းရေနံများမှ ၄၀ ရာခိုင်နှုန်းသည် ကယ်ကွတ်မြို့မှ ထွက်ရှိခြင်းဖြစ်ကြောင်း သိရသည်။

အီရတ်နိုင်ငံ၏ စီးပွားရေးကို ရာစုနှစ်များစွာ ရေနံလုပ်ငန်းဖြင့် အဓိကထိန်းသိမ်းထားခဲ့ခြင်းဖြစ်သော်လည်း အီရတ်နိုင်ငံအပေါ် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များက ကျူးကျော်သိမ်းပိုက်ခဲ့ပြီးနောက်ပိုင်း နိုင်ငံ၏ အဓိက အခြေခံအဆောက်အအုံများပျက်စီးခဲ့ရပြီး ရေနံတွင်းများမှာလည်း မီးလောင်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့သည်။

ကြုံတွေ့ခဲ့ရ

ဘဏ္ဍာရေးကဏ္ဍ အကျပ်အတည်းများ ကြုံတွေ့ခဲ့ရပြီး ပြည်သူ ၅၀ ရာခိုင်နှုန်း အလုပ်လက်မဲ့များ ဖြစ်ခဲ့ရသည်။ ရေနံအထွက်နှုန်းများသည် ကယ်ကွတ်ဒေသမှ ရေနံထုတ်ရေးဆိုင်ရာ လုပ်ငန်းကြီးကို ပြန်လည်ဆောင်ရွက်နိုင်ရန် စတင်နေပြီဖြစ်ကြောင်း၊ တစ်နေ့လျှင် ရေနံစိမ်းပီပါလေးသိန်းငါးသောင်းကို သန့်စင်နိုင်ရေးအတွက် ကယ်ကွတ်မှ ရေနံပိုက်လိုင်းကို တူရကီနိုင်ငံနှင့် ဆက်သွယ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးရိမ်

သို့ရာတွင် ယခုလို အီရတ်ရေနံများကို အမေရိကန်တို့ ထိန်းချုပ်လုပ်ဆောင်နေခြင်းကို အီရတ်ပြည်သူအများအပြားက သံသယဖြစ်ကာ စိုးရိမ်ပူပန်လျက်ရှိနေကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဇန်နဝါရီ ၁၅ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန် တို့၏ လုပ်ဆောင်ချက်များကို မကျေနပ်၍ ဆန္ဒပြနေသော အီရတ်တို့ကို အမေရိကန် တပ်ဖွဲ့ဝင်များက စောင့်ကြပ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘလဲနှင့်ကွန်ဆာဗေးတစ်တိုရီပါတီခေါင်းဆောင် ဒေးဗစ်ကယ်လီကိစ္စ တစ်ဦးနှင့်တစ်ဦးအချင်းများ

လန်ဒန် ဇန်နဝါရီ ၁၅

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲနှင့် ဗြိတိသျှကွန်ဆာဗေးတစ်တိုရီပါတီခေါင်းဆောင် မိုက်ကယ်ဟိုးဝပ်တို့သည် လက်နက်ကျွမ်းကျင်သူ ဒေးဗစ်ကယ်လီ မိမိကိုယ် မိမိသတ်သေသည့်အမှုကိစ္စနှင့်ပတ်သက်၍ ယမန်နေ့က အချင်းများခဲ့ကြသည်။

ဝန်ကြီးချုပ်သည် ဟိုးဝပ်၏ စိန်ခေါ်မှုကို ထပ်ခါတလဲ ငြင်းဆန်ခဲ့သည်။ ဒေးဗစ်ကယ်လီ၏အမည်ကို သတင်းထောက်များအား ထုတ်ဖော်အသိပေးသည့်ကိစ္စတွင် အကယ်၍ ဘလဲ အမိန့်မပေးခဲ့ဟုဆိုလျှင် ထိုအခိုင်အမာပြောဆိုချက်အပေါ် ဘလဲအနေဖြင့် ရပ်တည်ရန် ဟိုးဝပ်က စိန်ခေါ်ခဲ့ခြင်းဖြစ်သည်။

ဘလဲ၏ အခိုင်အမာပြောဆိုချက်သည် ဒေးဗစ်ကယ်လီ မိမိကိုယ် မိမိသတ်သေသည့်အမှုအား ဟက်တွန်စုံစမ်းစစ်ဆေးမှုသို့ ပေးသည့် အထောက်အထားနှင့် ဝိရောဓိဖြစ်ပုံရသည်။

သို့ရာတွင် ဝန်ကြီးချုပ်သည် ပါလီမန်အဖွဲ့ဝင်များအနေဖြင့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာကို စောင့်ရမည်ဖြစ်ကြောင်း၊ သုံးပတ်အတွင်း အဖြေပေါ်ထွက်မည်ဖြစ်ကြောင်း မရအရ ပြောဆိုခဲ့သည်။

မိမိပြောဆိုခဲ့သမျှအားလုံးကို မိမိရပ်တည်ကြောင်း၊ သို့ရာတွင် ထိုအမှုကိစ္စအပေါ် ဆုံးဖြတ်ချက်ကို ထုတ်ပြန်သည်အထိ စောင့်ရမည်ဟု မိမိယုံကြည်ယူဆကြောင်း ဘလဲက ပြောဆိုသည်။ **(အင်တာနက်)**

မိုဆူးလ်၌ဆန္ဒပြရန်စီစဉ်

မိုဆူးလ် ဇန်နဝါရီ ၁၅

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ အီရတ်ပြည်သူ ရာပေါင်းများစွာတို့က ၎င်းတို့ကို ထိခိုက်နစ်နာစေသော တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားခြင်းကို ဆန့်ကျင်ကန့်ကွက်ရန် စီစဉ်လျက်ရှိသည်။ ၎င်းကန့်ကွက်ပွဲ၌ ပါဝင်ဆန္ဒပြသူ ၄၀၀၀ ခန့် ရှိလိမ့်မည်ဟု ခန့်မှန်းရကြောင်း သိရသည်။

ထိုအတောအတွင်း အီရတ်အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အာနန်ပါချာချီက ဘဂ္ဂဒက်မြို့၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် လာမည့် တနင်္လာနေ့တွင် ကုလသမဂ္ဂသို့ သွားရောက်မည့် ခရီးစဉ်ရှိနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

ဇန်နဝါရီ ၁၅ ရက်က တီကရစ်မြို့ရှိ စစ်ဆေးရေးစခန်းတစ်ခု၌ ကားတစ်စီးကိုစစ်ဆေးရန် ရပ်ခိုင်းနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ကန်တပ်ဖွဲ့ဝင်များသေဆုံးမှု စုစုပေါင်း ၄၉၇ ဦးရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၅

အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး နောက်ထပ် သေဆုံးသွားရာ ယခုအခါ အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ဝင်များက ကျူးကျော်သိမ်းပိုက်ထားချိန်အတွင်း သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၄၉၇ ဦးရှိသွားပြီ ဖြစ်သည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှုအရေအတွက်ထဲမှ ၃၄၃ ဦးသည် စစ်ပွဲတိုက်ခိုက်စဉ်အတောအတွင်း သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ ကိုယ့်ကိုယ်ကိုသတ်သေသည့်နှုန်း ပုံမှန်ထက်မြင့်မားနေ၍ လျှော့လာရန် စိစစ်ရေးအဖွဲ့စေလွှတ်

ဝါရှင်တန် ဇန်နဝါရီ ၁၆

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအကြား ဖြစ်ပွားနေသော မိမိကိုယ်ကိုသတ်သေနှုန်းသည် ငြိမ်းချမ်းစဉ်ကာလ၌ ပုံမှန်ရှိနေသော သတ်သေနှုန်းထက် သုံးပုံတစ်ပုံပိုမိုမြင့်မားနေသည်ကို တွေ့ရှိရကြောင်း အမေရိကန်စစ်ဌာနချုပ်ပင်တဂွန်မှ ထိပ်တန်းဆရာဝန်တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

အမေရိကန် တပ်ဖွဲ့ဝင်များအကြား ကိုယ့်ကိုယ်ကို သတ်သေမှုအခြေအနေကို စိုးရိမ်မကင်းဖြစ်လာသောကြောင့် အခြေအနေအရပ်ရပ်ကို လေ့လာအကဲဖြတ်ရန် အီရတ်သို့ စိစစ်ရေးအဖွဲ့တစ်ဖွဲ့ကို ပြီးခဲ့သော နှစ်ကုန်ပိုင်းက စေလွှတ်ခဲ့ရသည်။ ဖြစ်ပေါ်နေသောအခြေအနေနှင့်ပတ်သက်၍ ကူညီဖြေရှင်းပေးနိုင်မည့် နည်းလမ်းများကို စေလွှတ်ထားသောအဖွဲ့က စူးစမ်းရှာဖွေကြမည်ဟု ဆိုသည်။

သတ်သေ

အီရတ်မှပြန်လာသော ဖိုဘရက်ခ်တပ်စခန်းမှ တပ်ဖွဲ့ဝင်အချို့သည် မိမိကိုယ်ကိုနှင့် ဇနီးကိုပါ သတ်သေကြသည့် အဖြစ်များနှင့် တွေ့ကြုံကြရသည်။ ထိုအခြေအနေများပေါ်ပေါက်လာပြီးနောက်ပိုင်း အီရတ်ပြန် အမေရိကန်တပ်ဖွဲ့ဝင်များကို လူမှုရေးအရ ဆေးဘက်ဆိုင်ရာ ပညာပေးဆွေးနွေးမှုများ ပိုမိုပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

တွေ့ကြုံ

အမေရိကန်စစ်တပ်သည် ၂၀၀၃ ခုနှစ်အတွင်းက အီရတ်စစ်မြေပြင်နှင့် သက်ဆိုင်သူတပ်ဖွဲ့ဝင်များအကြား၌ မိမိကိုယ်ကိုသတ်သေမှု ၂၁ မှုနှင့် တွေ့ကြုံခဲ့ရသည်။ ယင်းအနက် ၁၈ ဦးမှာ ကြည်းတပ် တပ်ဖွဲ့ဝင်များဖြစ်သည်ဟု ဝင်တန်ဝါဒါက ဆိုသည်။

ငြိမ်းချမ်းစဉ်ကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များအကြား သတ်သေနှုန်းသည် ၁၀၀၀၀၀ လျှင် ၁၀ ဒသမ ၅ မှ ၁၁ ဦးနှုန်းသာရှိနေရာမှ အီရတ်စစ်မြေပြင်မှ တပ်ဖွဲ့ဝင်များ၏ သတ်သေနှုန်းမှာ ၁၀၀၀၀၀ လျှင် ၁၃ ဒသမ ၅ ဦးနှုန်းအထိ မြင့်တက်လာသည်ကို တွေ့ရသည်ဟုဆိုသည်။

ယခုအခါ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ၏ စိတ်ပိုင်းဆိုင်ရာပြဿနာများကို ကူညီဖြေရှင်းပေးမည့်အဖွဲ့ကို အီရတ်သို့စေလွှတ်ထားကြောင်း သိရပြီး အီရတ်ရှိ တပ်မတိုင်းတွင် စိတ်ပညာဆရာဝန်၊ စိတ်ပညာရှင်နှင့်ဆိုင်ရာဝန်ထမ်းများထားရှိပေးပြီး ဖြစ်သည်ဟု ဝင်တန်ဝါဒါက ပြောကြားသည်။ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များအနက် ၃၀၀ မှ ၄၀၀ ခန့်တို့ကို စိတ်ပိုင်းဆိုင်ရာပြဿနာများကြောင့် အမေရိကန်သို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သိရသည်။

ကုသပေး

အမေရိကန်တပ်ဖွဲ့ဝင် အများအပြားသည် ဆေးဝါးကုသမှုခံယူရန် စောင့်ဆိုင်းလျက်ရှိကြသည်။ နိုဝင်ဘာလမှစ၍ ရေတွက်လျှင် ထိုသို့စောင့်ဆိုင်းနေသော တပ်ဖွဲ့ဝင် ၄၄၀၀ အနက် ၁၉၀၀ ကို ကုသမှုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ လာမည့်နွေဦးရာသီတွင် အလှည့်ကျ စစ်မှုထမ်းရေးအစီအစဉ်အရ အီရတ်မှတပ်ဖွဲ့ဝင်များ အမေရိကန်သို့ ပြန်ရောက်လာကြလျှင် နိုင်နင်းစွာ ဆေးဝါးကုသပေးနိုင်ရန် စီစဉ်နေသည်။

(အင်တာနက်)

အီရတ်တွင် လုံခြုံရေးအခြေအနေဆိုးရွား ဇနီးဖြစ်သူက ခင်ပွန်းကို ဓားပြအထင်ဖြင့်မှားယွင်းပစ်သတ်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၅

အိမ်ကိုချိုးဖျက်ပြီး အိမ်ထဲသို့ ဓားပြတစ်ဦးဝင်လာသည်အထင်ဖြင့် အီရတ်အမျိုးသမီးတစ်ဦးက သူမ၏ခင်ပွန်းကို သေနတ်ဖြင့် မှားယွင်းပစ်သတ်လိုက်ကြောင်း အီရတ်သတင်းစာတစ်စောင်တွင် ဗုဒ္ဓဟူးနေ့က ရေးသားဖော်ပြလိုက်သည်။

ဘဂ္ဂဒက်အနောက်ဘက် ဟေးအယ်လ်အမီရီယာ၌ နေထိုင်သော အမျိုးသမီးသည် လွန်ခဲ့သည့် သောကြာနေ့ညက အိမ်ကိုစစ်ဆေးနေသော ခင်ပွန်းဖြစ်သူအား မှားယွင်းပစ်သတ်မိလိုက်ကြောင်း ဘဂ္ဂဒက်သတင်းစာတွင် ရေးသားဖော်ပြသည်။

၎င်း၏ခင်ပွန်းက ၎င်းအိမ်၌မရှိသည့်အခါ အိမ်ကို မည်သို့ကာကွယ်ရမည်ကို ဇနီးဖြစ်သူအား လက်နက် အသုံးပြုနည်းကို သင်ကြားပေးခဲ့သည်ဟု အိမ်နီးချင်းဖြစ်သူ မာမွတ်ဂိဒ်က သတင်းစာသို့ ပြောကြားသည်။

အခင်းဖြစ်ပွားချိန်၌ ခင်ပွန်းဖြစ်သူသည် အိမ်ရှေ့တံခါးကို စစ်ဆေးနေခဲ့ကြောင်း၊ အိမ်တံခါးမှ အသံကိုကြားသည့်အခါ ဇနီးဖြစ်သူသည် အေကေ ၄၇ သေနတ်ကိုယူပြီး မမေးမမြန်းဘဲ ဓားပြအထင်ဖြင့် ခင်ပွန်းဖြစ်သူကို မှားယွင်းပစ်လိုက်ကြောင်း အိမ်နီးချင်းက ပြောကြားသည်။

စစ်ပြီးကာလ၌ အီရတ်တွင် လုံခြုံရေးအခြေအနေဆိုးရွားလာနေမှုကြောင့် သူခိုး ဓားပြများရန်ကို ကာကွယ်ရန်အတွက် မိသားစုများသည် လက်နက်များကို ဆောင်ထားခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်အား စစ်ဈေးကွက်တစ်ခုအသွင် ဘုရှ်ဖန်တီးခဲ့

ကန်တပ်ဖွဲ့ဝင်များ ကိုယ့်ကိုယ်ကို သတ်သေနှုန်းများလာ

ဘာဆာရာ၌ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ကို ဆန့်ကျင်ဆန္ဒပြ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် ဆာမာရာမြို့၌ လုံခြုံရေးတာဝန်ထမ်းဆောင်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဒုက္ခကြုံတွေ့နေ

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် အီရတ်နိုင်ငံအား နိုင်ငံရေးထုတ်ကုန်တစ်ရပ်အဖြစ် စစ်ဈေးကွက်တစ်ခုအသွင် ဖန်တီးခဲ့ပြီး မလိုလားအပ်သောပဋိပက္ခအတွင်း အမေရိကန်ပြည်သူများကို ပါဝင်စေခြင်းဖြင့် ၎င်းတို့၏ သစ္စာရှိမှုကို ချေဖျက်ခဲ့သည်ဟု ဒီမိုကရက်တစ်အမတ်တစ်ဦးက ပြောဆိုသည်။ (အောက်ပုံမှာ အမေရိကန်တပ်ဖွဲ့ဝင်များ စစ်အခြေစိုက်စခန်းတစ်ခု၌ ဒုက္ခကြုံတွေ့နေကြရသည်ကိုတွေ့ရစဉ်။) (ဓာတ်ပုံ–အင်တာနက်)

ဆန့်ကျင်ဆန္ဒပြ

ဇန်နဝါရီ ၁၅ ရက်က ဘာဆာရာမြို့၌ အီရတ် ဆန္ဒပြသူများက ၎င်းတို့တင် မြှောက်ထားသော ခေါင်းဆောင်များ၏ ရုပ်ပုံကားချပ်များကို ကိုင်ဆောင်၍ ဆန္ဒပြလျက်ရှိသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အောက်ပုံတွင် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ လုံခြုံရေးကင်းလှည့်နေသော အမေရိကန်စစ်ယာဉ်တန်းကို တွေ့ရစဉ်။ (အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်တို့၏ ခုခံတိုက်ခိုက်မှုများကြောင့် စိတ်ဓာတ်ကျဆင်းလျက်ရှိရာ ကိုယ့်ကိုယ်ကို သတ်သေမှုများလည်း ဖြစ်ပွားလျက်ရှိသည်။ ထို့ကြောင့် ခုခံတိုက်ခိုက်မှုများ လျော့နည်းစေရန် ကင်းလှည့်မှုများကို မပြတ်ပြုလုပ်နေရသည်။) (ဓာတ်ပုံ–အင်တာနက်)

ပျက်စီး

အီရတ်နိုင်ငံ ဘာကူဘာမြို့၌ ကားဗုံးခွဲတိုက်ခိုက်မှု တစ်ရပ်ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အမေရိကန်တပ်ဖွဲ့ဝင်များ အီရတ်၌စစ်ရာဇဝတ်မှုများကျူးလွန် အကြောင်းပြချက်မရှိဘဲအိမ်များကိုဖျက်ဆီးပြီး အရပ်သားများကိုဖမ်းဆီးနေ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၅

ထင်ရှားသောအီရတ်ခေါင်းဆောင်ဟောင်းများ၏မိသားစုများကို ဖမ်းဆီးခြင်း၊ ခုခံရေးသမားများဟု မသင်္ကာသူများ၏ နေအိမ်များကိုဖျက်ဆီးခြင်းစသော စစ်ရာဇဝတ်မှုများကို အမေရိကန်စစ်ဘက်ဆိုင်ရာများက အီရတ်နိုင်ငံတွင်ကျူးလွန်ခဲ့ကြကြောင်း စောင့်ကြပ်ရေးအဖွဲ့တစ်ဖွဲ့က အင်္ဂါနေ့တွင် စွပ်စွဲလိုက်သည်။

စောင့်ကြည့်ရေး အဖွဲ့တစ်ဖွဲ့၏ စွပ်စွဲချက်များကို အမေရိကန်စစ်ဘက်က မဟုတ်မမှန်ကြောင်း ငြင်းဆိုသည့်အပြင် ဖြိုဖျက်လိုက်သော အိမ်များမှာ လက်နက်သိုလှောင်သောအိမ်များ၊ ခုခံတိုက်ခိုက်ရာ၌ အသုံးပြုသော အိမ်များသာဖြစ်ပြီး အဖမ်းခံထားရသူများမှာလည်း ခုခံတိုက်ခိုက်ရေးသမားများအဖြစ် သင်္ကာမကင်း ခံကြရသူများသာဖြစ်သည်ဟု ပြန်လည်ဖြေကြားခဲ့သည်။ နယူးယောက်မြို့တွင် အခြေစိုက်သောလူ့အခွင့်အရေးအဖွဲ့က အမေရိကန်တို့သည် စစ်ရေးနှင့်ပတ်သတ်နေကြောင်း အကြောင်းပြချက်မယ်မယ်ရရ မရှိဘဲနှင့် အမေရိကန်ဆန့်ကျင်ရေး ပြောက်ကျားများဟု မသင်္ကာရသူများ၏ မိသားစုနေအိမ် အနည်းဆုံးလေးလုံးကို ဒဏ်ခတ်သည့်အနေဖြင့် ဖျက်ဆီးခဲ့ကြကြောင်း ပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့များသည် လက်နက်ကိုင် ခုခံနေသူများကို နှိမ်နင်းခွင့်ရှိသည်။ သို့ရာတွင် အရပ်သူ အရပ်သားများ၏ အဆောက်အအုံများကို တိုက်ခိုက်ရာ၌ အသုံးပြုသည်ဟုဆိုကာ ဖျက်ဆီးနိုင်ခွင့်မှုရှိပါက ထိုလုပ်ရက်သည် စစ်ရေးလိုအပ်ချက်မဟုတ်ပါဟုပြောကြားသည်။

စွပ်စွဲ

ထို့အပြင် အမေရိကန် စစ်ဘက်ဆိုင်ရာများသည် ပြန်ပေးဆွဲမှုနှစ်မှုကိုလည်း ကျူးလွန်ခဲ့သေးကြောင်း လူ့အခွင့်အရေးအဖွဲ့က စွပ်စွဲထားသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်ခုခံရေး ပြောက်ကျားများဟု မသင်္ကာခံရသူများ၏ ဆွေမျိုးသားချင်း အရပ်သားများကို ပြန်ပေးဆွဲခဲ့သဖြင့် ယခုကဲ့သို့ စွပ်စွဲ ထားခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

စီးနင်းရှာဖွေ

ဇန်နဝါရီ ၁၅ ရက်က ဆာမာရာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက နေအိမ်များအတွင်း စီးနင်းရှာဖွေမှုတစ်ရပ်ပြုလုပ်ရာ အိမ်တစ်အိမ်အတွင်း ဝင်ရောက်စီနင်း ရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



အီရတ်အုပ်ချုပ်မှုကောင်စီနှင့် အမေရိကန်ကျူးကျော်သူတို့ အီရတ်အသွင်ကူးပြောင်းရေးကာလကိစ္စအငြင်းပွားနေ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၅

အီရတ်နိုင်ငံတွင် အသွင်ကူးပြောင်းရေးကာလ အစိုးရအဖွဲ့ ဖွဲ့စည်းရေးနှင့် ပတ်သက်ပြီး အီရတ်အုပ်ချုပ်မှုကောင်စီနှင့် အမေရိကန်ကျူးကျော်သူအင်အားစုတို့အကြား အငြင်းပွားမှုများဖြစ်ပွားနေသည်။ ရှီးယားခေါင်းဆောင်အယာတိုလာ စစ္စတာနီက အစိုးရအဖွဲ့ ဖွဲ့စည်းရာတွင် တိုက်ရိုက်ရွေးကောက်ပွဲများ ကျင်းပပေးရန်လိုလားပြီး အမေရိကန်တို့က အီရတ်နိုင်ငံအနေဖြင့် အဆိုပါရွေးကောက်ပွဲမျိုးအတွက် အသင့်မဖြစ်သေးကြောင်း ပြောကြားနေကြသည်။

ဒေသဆိုင်ရာ ကောင်စီများကလည်း အဆိုပါကိစ္စနှင့်ပတ်သက်ပြီး အပူတပြင်းဆွေးနွေးနေကြကာ ရှီးယားအများစုဖြစ်သော အီရတ်လူထုကမူ အမေရိကန်တို့၏ အဆိုပြုချက်ကို ကန့်ကွက်ကြကြောင်းသိရသည်။ အီရတ် ပြည်သူလူထုကသာ အဆုံးအဖြတ်ပေးသင့်ကြောင်း ပြောကြားနေကြသည်။ သို့ရာတွင် အမေရိကန်တို့က ရွေးကောက်ပွဲကျင်းပရေးအတွက် အချိန်မရှိတော့ကြောင်း ငြင်းဆိုနေသကဲ့သို့ ကုလသမဂ္ဂကလည်း သဘောတူလျက်ရှိသည်။

ပြောကြား

မကြာသေးမီက အယာတိုလာ စစ္စတာနီနှင့် တွေ့ဆုံဆွေးနွေးခဲ့သော အီရတ် အုပ်ချုပ်မှုကောင်စီလက်ရှိ ဥက္ကဋ္ဌ အက်နန်ပါချာချီက နှစ်ဦးနှစ်ဖက်စလုံးက အလျှော့ပေးမည့် လက္ခဏာရှိကြောင်း ပြောကြားခဲ့သည်။

ဝေဖန်

အီရတ်အုပ်ချုပ်မှုကောင်စီဝင်များကလည်း ရှီးယားခေါင်းဆောင်နှင့် သဘောတူညီမှုရှိကြပြီး အမေရိကန်တို့၏နောက်ကွယ်မှ လှုပ်ရှားမှုများအပေါ် ဝေဖန်လျက်ရှိကြသည်။ **(စီအင်န်အင်န်)**

အင်္ဂါဂြိုဟ်မျက်နှာပြင်၌ စပရစ်ယာဉ် စတင်မောင်းနှင်

ဝါရှင်တန် ဇန်နဝါရီ ၁၅

အင်္ဂါဂြိုဟ်ဆင်းယာဉ် စပရစ်သည် ယမန်နေ့က အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် ပထမဆုံးအကြိမ်အဖြစ် စတင်မောင်းနှင်ခဲ့ကြောင်း သိရသည်။

စပရစ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်ကို ဓာတ်ပုံနှစ်ပုံ ရိုက်ယူဦး မည်ဖြစ်ပြီး ကမ္ဘာမြေပြင်သို့ အဆိုပါဓာတ်ပုံများ ပြန်လည်ပေးပို့ရန် လေးနာရီကြာမြင့်မည်ဖြစ်သည်။

စပရစ်သည် အင်္ဂါဂြိုဟ်ရှိ ကျောက်သားများကို မကြာမီလေ့လာနိုင်တော့မည်ဖြစ်ပြီး မီတာ ၉၀အကွာရှိ ကြီးမားသော အက်ကြောင်းကိုလည်း သွားရောက်လေ့လာနိုင်လိမ့်မည်ဟု အင်ဂျင်နီယာများက မျှော်လင့်ထားသည်။ **စီအင်န်အင်န်**

အီရတ်စစ်ပွဲသည် အီရတ်ပြည်သူများအတွက် ဝမ်းနည်းစရာဖြစ်ကျန်ခဲ့ ထိခိုက်မှုအတွက် လျော်ကြေးပေးမည်ဆိုသော်လည်း ဖြစ်မလာခဲ့

ဘဂ္ဂဒက် ဇန်နဝါရီ ၁၅

အီရတ်အပေါ် အမေရိကန်တို့ ဆင်နွှဲခဲ့သောစစ်ပွဲသည် အီရတ်ပြည်သူများအတွက် တစ်သက်တာ မမေ့နိုင်သည့် ဝမ်းနည်းယူကျုံးမရဖြစ်မှုများ ကျန်ရစ်စေခဲ့သည်။ အဆိုပါပြည်သူများထဲတွင် လေးနှစ်သားအရွယ် ဘာကရာလီဟူစိန်၏ မိသားစုလည်းပါဝင်ခဲ့သည်။

အီရတ်နိုင်ငံ၌ အဓိကကျသော တိုက်ပွဲများပြီးဆုံးသွားပြီဟုအမေရိကန်တို့က ကြေညာခဲ့ပြီး သုံးပတ်ခန့်အကြာ မေလ ၂၆ ရက်၌ ပေါက်ကွဲမှုဖြစ်ပွားစဉ် ၎င်းဒေသအတွင်း အခြေစိုက် နေသော အမေရိကန်တပ်ဖွဲ့ဝင်များက ပေါက်ကွဲမှုဖြစ်ပွားရာဘက်ဆီသို့ ပစ်ခတ်ခဲ့ကြသည်။ အဆိုပါ ပစ်ခတ်မှုကြောင့် အိမ်အပြင်ဘက်၌ ထွက်ကစားနေသော ဘာကရာလီကို အမေရိကန်တို့ ပစ်လိုက်သည့် ကျည်ဆန်ထိမှန်သွားခဲ့ကာ ၎င်း၏ဦးခေါင်းခွံအတွင်းမှာ ယခုတိုင် ကျည်ဆန်ရှိနေဆဲဖြစ်သည်။

လူဖြစ်ရှုံးခဲ့

အဆိုပါ ဒဏ်ရာကြောင့် ဘာကရာလီသည် နဂိုကကဲ့သို့ သွက်လက်ချက်ချာသော ကလေးငယ် မဟုတ်တော့ဘဲ ဆွံ့အသွားခဲ့သည့်အပြင် မေးရိုးများလည်း မထိန်းနိုင်သည့်အခြေအနေဖြစ်သွားကာ လူဖြစ်ရှုံးခဲ့ရသည်။ ပစ်ခတ်ခံရပြီး လျှင်ပြီးချင်း လျော်ကြေးပေးမည်ဖြစ်သကဲ့သို့ ကုသမှုလည်းပေးမည်ဟု အမေရိကန်တို့က ကတိပေးခဲ့သော်လည်း ကတိပေးသည့်အတိုင်း မဆောင်ရွက်ပေးဘဲ နောက်ပိုင်း၌ အမေရိကန်တပ်ဖွဲ့ဝင်များ၏ မှားယွင်းမှုများအတွက်သာ လျော်ကြေးပေးကြောင်း တုံ့ပြန်ခဲ့သည်။ ဘာကရာလီအားလျော်ကြေး ပေးရန် အီရတ်အဖွဲ့တစ်ဖွဲ့က ထောက်ခံအားပေးခဲ့ကြသော်လည်း ဘာကရာလီ၏ ဖခင်ဖြစ်သူက မည်သည့်လျော်ကြေးမျိုးကိုမှ မလိုလားဘဲ သားဖြစ်သူ၏ အကောင်းပကတိအခြေအနေရောက်ရှိဖို့သာ လိုလားကြောင်း ပြောကြားခဲ့သည်။ ရာဘာရာလီ၏ ဦးခေါင်းခွံအတွင်းမှ ကျည်ဆန်ကို အမေရိကန်ဆရာဝန်များက ထုတ်ယူရန်ကြိုးစားခဲ့ကြသော်လည်း မအောင်မြင်ခဲ့ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဇန်နဝါရီ၁၅ ရက်ကတိကရစ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက နေအိမ်များအတွင်း စီးနင်းရှာဖွေမှု ပြုလုပ်ရာ အိမ်တစ်အိမ်အတွင်း ဝင်ရောက်ရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရင်းနှီးချစ်ကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများ တရုတ်နှင့်မွန်ဂိုလီးယားနှစ်နိုင်ငံ ဆက်လက်လုပ်ဆောင်သွားမည်

ဘေဂျင်း ဇန်နဝါရီ ၁၅

မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် ဟန်ဘာယာသည် မြောက်ပင်လယ်ခရီးစဉ်ပြီးဆုံးပြီး တရုတ်နိုင်ငံ ဘေဂျင်းမြို့သို့ရောက်ရှိခဲ့ရာ တရုတ်နိုင်ငံဝန်ကြီးချုပ်ဝမ်ကျားပေါင်က တရုတ်နိုင်ငံသည် မွန်ဂိုလီးယားနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း၊ အထူးသဖြင့် သယံဇာတအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အခြေခံကျသော တည်ဆောက်မှုများဆောင်ရွက်ရာတွင် ပူးပေါင်းလုပ်ဆောင်လိုကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် တရုတ်နိုင်ငံသည် မွန်ဂိုလီးယားနိုင်ငံနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ကျေနပ်အားရကြောင်း၊ နှစ်နိုင်ငံကြား အပြုသဘောဆောင်သော ရင်းနှီးချစ်ကြည်မှုများ ပိုမိုခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဝမ်ကျားပေါင်က ပြောကြားခဲ့သည်။

မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ်ကပြောကြားရာ၌ မိမိတို့နိုင်ငံသည် တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှုကို အလေးထားကြောင်း၊ မွန်ဂိုလီးယားနိုင်ငံ၏ အခြေခံကျသည့် တည်ဆောက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများတွင် ပါဝင်ဆောင်ရွက်ရန် တရုတ်နိုင်ငံမှ လုပ်ငန်းရှင်များကို ဖိတ်ခေါ်ကြိုဆိုပါကြောင်း ပြောကြားသည်။ **(စီစီတီဗွီ)**

ဆွေးနွေး မှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

စက်မှုဇုန်အား ခေတ်ကျော်လွှား

▼ ရှေ့ဖုံးမှ

ဝင်ငွေရရှိမှုအခြေအနေ၊ နိုင်ငံတော်နှင့်အကျိုးတူ ကျောက်မျက်တူးဖော်မှုလုပ်ငန်းအခြေအနေအပါအဝင် မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ကျောက်မျက်ရတနာကြီးကြပ်ရေး ဗဟိုကော်မတီ၏ အရေးယူဆောင်ရွက်မှုအခြေအနေများနှင့် ကျောက်မျက်ရတနာနယ်မြေများအတွင်း သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များ၏ အခြေအနေ၊ နိုင်ငံတော်နှင့် နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးတူ ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်းအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဝင်ငွေတိုးတက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ တန်ဖိုးကြီးမားသည့် ကျောက်စိမ်း၊ ကျောက်မျက်ရတနာများကို တိုးချဲ့ရှာဖွေပြီး မြန်မာ့ကျောက်မျက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စနစ်တကျ ဆောင်ရွက်ခဲ့သဖြင့် သတ္တုကဏ္ဍမှ နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်ရရှိလျက်ရှိကြောင်း။

ကျောက်မျက်လုပ်ငန်းများအပြင် ရွှေ၊ ငွေ၊ ပုလဲနှင့် အခြားသတ္တုတူးဖော်မှုလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်ပြီး နိုင်ငံတော်အတွက် သတ္တုကဏ္ဍမှဝင်ငွေတိုးတက်ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်စုံအေးမဟာစည်ရိပ်သာ ဆောင်းရာသီတရားပွဲများ

ရန်ကုန် ဇန်နဝါရီ ၁၆

မြောက်ဥက္ကလာပ ဂိတ်ဟောင်းကြီးတံတားအနီး ပြည့်စုံအေးမဟာစည်ရိပ်သာကြီး၌ ဇန်နဝါရီ ၂၄ရက်မှ ၃၁ရက်အထိ ညစဉ် ၇ နာရီမှစ၍ ပြည်တွင်းပြည်ပသာသနာပြုနိုင်ငံတော်ဘွဲ့တံဆိပ်တော်ရ ဓမ္မကထိကဆရာတော်များက ဇန်နဝါရီ ၂၄ရက် မန္တလေးဆရာတော် ဘဒ္ဒန္တသုမင်္ဂလ၊ ၂၅ရက် ထန်းတပင်ဆရာတော် ဘဒ္ဒန္တဝိနယ၊ ၂၆ရက် မဟာစည်နာယကချုပ်ဆရာတော် ဘဒ္ဒန္တဇဋိလ၊ ၂၇ရက် ထေရဝါဒတက္ကသိုလ် ကထိက ဆရာတော်ဘဒ္ဒန္တဆေကိန္ဒ၊ ၂၈ရက်မဟာစည်နာယက ကျောက်ပန်းတောင်းဆရာတော် ဘဒ္ဒန္တကုမာရ၊ ၂၉ရက် မဟာစည်နာယကမှဒုံဆရာတော် ဘဒ္ဒန္တကုသလ၊ ၃၀ရက် မဟာစည်နာယက မြန်အောင်ဆရာတော် ဘဒ္ဒန္တထေရာဝံသ၊ ၃၁ရက် ဒဂုံမြို့သစ်(မြောက်ပိုင်း)သီရိမင်္ဂလာမဟာစည်တွံ့တေးဆရာတော် ဘဒ္ဒန္တ ဣန္ဒကတို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များဟောကြားတော်မူမည်ဖြစ်သဖြင့် ကြွရောက်တရားနာယူကြပါရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ဖိတ်ကြားထားသည်။ **(က–ပ)**

အဆင့်မြင့်အုပ်ချုပ်မှုသင်တန်းအမှတ်စဉ်(၉)ဆင်းပွဲ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့နံနက် ၈နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက်ရှိနယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှုသင်တန်းအမှတ်စဉ်(၉) ဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးက သင်တန်းဆင်းအမှာ စကားပြောကြားပြီး သင်တန်း၌ စံပြ သင်တန်းသူဆုရရှိသော သင်တန်းသူ မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီညွန့်အား ဂုဏ်ပြုဆုချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်သို့ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် အဆင့်မြင့်အုပ်ချုပ်မှုသင်တန်းမှသင်တန်းသူများ၏ လေ့ကျင့်ချုပ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အခြေခံအင်ဂျင်နီယာ သင်တန်းသူများ ကွန်ပျူတာလေ့ကျင့်သင်ကြားမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် စာရေးသင်တန်းမှ သင်တန်းသူများ၏ လက်နှိပ်စက်ပညာရပ် လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် နံနက် ၁၀နာရီတွင် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ စည်ပင်သာယာရေးဦးစီးဌာနရိပ်သာ၌ကျင်းပသော ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများအတွက် စာမေးပွဲအထောက်အကူပြု ဘာသာရပ်ဆိုင်ရာစာအုပ်များ လှူဒါန်းပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားတွင် အလှူရှင်များကိုယ်စား ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစိုးရင်နှင့် စံပယ်ပွင့်စာပေမှ ဦးရဲဝေ(မြန်မာစာ)တို့က စာအုပ်များလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစိုးရင်က ဘာသာရပ်ဆိုင်ရာ ဌာနများမှလှူဒါန်းသည့် ငွေကျပ် ၁၅၈၄၅၀၀ တန်ဖိုးရှိ စာအုပ် ၂၉၉၅ အုပ်ကိုလည်းကောင်း၊ စန္ဒာညွန့်စာပေမှ ဦးညွန့်ဦးက ငွေကျပ် ၁၁၀၀၀၀၀ တန်ဖိုးရှိ စာအုပ် ၁၆၀၀ ကိုလည်းကောင်း၊ ရွှေကံ့ကော်စာပေမှ ဦးစိန်မြင့်အောင်က ငွေကျပ် ၁၀၁၇၀၀၀ တန်ဖိုးရှိ စာအုပ် ၁၅၅၀ ကိုလည်းကောင်း၊ ပန်းဝေဝေစာပေမှ ဦးလှမြင့်–ဒေါ်ချိုက ငွေကျပ် ၁၆၇၅၀၀ တန်ဖိုးရှိ စာအုပ် ၇၀၀ ကိုလည်းကောင်း၊ ဆရာမိုး(Follow me)က ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ စာအုပ် ၂၀၀ ကိုလည်းကောင်း၊ ရူပစာပေမှ ဦးဝင်းချိုက ငွေကျပ် ၄၁၈၀၀၀ တန်ဖိုးရှိ စာအုပ် ၁၁၅၆ အုပ်ကိုလည်းကောင်း၊ စာပေမွေ့သူစာပေတိုက်မှ ဦးအောင်သိန်းဟန်–ဒေါ်ခင်ခင်ကြီးတို့က ငွေကျပ် ၁၁၇၅၀၀ တန်ဖိုးရှိ စာအုပ်၂၂၅ အုပ်ကို လည်းကောင်း၊ စံပယ်ပွင့်စာပေမှ ဦးရဲဝေ(မြန်မာစာ)က ငွေကျပ် ၉၀၀၀၀ တန်ဖိုးရှိ စာအုပ် ၁၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါစာအုပ်များကို နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် နယ်စပ်ဒေသအသီးသီးရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားနေကြသည့် တိုင်းရင်းသား ကျောင်းသားကျောင်းသူများအတွက် ခွဲဝေပေးပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂုဏ်ပြုဆု ပေးအပ်

အမက(၂) ကမာရွတ်မြို့နယ်၏ ပညာရေးစုံညီပွဲတော် အထိမ်းအမှတ် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ကြီး ဒေါ်ကေသီစိုးသိမ်းက သုံးနှစ်ဆက်တိုက် ခွင့်ရက်ပျက် မရှိသူ အလယ်တန်းပြ ဒေါ်ခင်ခင်စိန်အား ဂုဏ်ပြုဆုပေးအပ်စဉ်။

(က–ပ)

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၁–၁–၂၀၀၄)ရက်မှ (၂၄–၁–၂၀၀၄)ရက်ထိ
MICT Park၊ ရန်ကုန်မြို့

ဘုရားဖြူစာပြန်ပွဲ၊ သီတဂူဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းက ကြီးမှူးကျင်းပသော (၇၂) ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ၊ ဆုနှင်းသဘင်အကြို တရားပွဲများကို ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ဇန်နဝါရီ၁၈ရက် (တနင်္ဂနွေနေ့) တွင် ရွှေပြည်ဟိန်းအရှင်ခေမာသိရီ လင်္ကာရ (သီတဂူကြာတစ်ပွင့်)က လည်းကောင်း၊ ဇန်နဝါရီ ၁၉ရက် (တနင်္လာနေ့)တွင် သီတဂူဆရာတော် ဒေါက်တာအရှင် ဉာဏိဿရကလည်းကောင်း၊ ဇန်နဝါရီ၂၀ရက်(အင်္ဂါနေ့)တွင် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)ကလည်းကောင်း ညစဉ်တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

စီးပွားကူးသန်းဂျာနယ် အတွဲ (၄)၊ အမှတ် (၂)ဖြန့်ချိ



ရန်ကုန် ဇန်နဝါရီ ၁၆

ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာပါရဂူ၊ ဆရာဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့်အတူ သုတ၊ ရသဆောင်းပါးများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည့် စီးပွားကူးသန်းဂျာနယ် အတွဲ(၄)၊ အမှတ်(၂)ကို အမှတ် ၃၈ လမ်း ၃၀(အောက်လမ်း) ပန်းဘဲတန်းမြို့နယ် ရန်ကုန်က ဖြန့်ချိကြောင်း သိရသည်။ **(အပေါ်ပုံ)**

(က–ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ မြစ်ကြီးနားလေဆိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❐ မလိုရေအားလျှပ်စစ်မှ

တွေ့ဆုံပွဲတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ကချင်ပြည်နယ်၏ အကျယ်အဝန်း၊ အသားတင်စိုက်ပျိုးမြေဧက၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးနိုင်မှုများနှင့် စပါးအထွက်နှုန်း၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ စားဖိုဆောင်သီးနှံ၊ အစေ့ထုတ်ပြောင်း စိုက်ပျိုး ဖြစ်ထွန်းမှုများ၊ ရော်ဘာ၊ ပိုးစာ၊ လက်ဖက်၊ ငရုတ်ကောင်း၊သစ်ဆိမ့်စသည့် နှစ်ရှည်ပင်စိုက်ပျိုး ဖြစ်ထွန်းမှုများ၊ စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ရေရရှိရေးစီမံကိန်းများ၊ ကြက်၊ ငါး၊ နွား၊ ကျွဲမွေးမြူရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းအခြေအနေများ၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးဆောင်ရွက်ချက်များ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ တင်ပြချက်များအရရော၊ မိမိတို့တွေ့မြင်ချက်များအရပါ ကချင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ပြည်နယ်တစ်ခုအဖြစ် ရပ်တည်နေပြီဖြစ်ကြောင်း။

ဤကဲ့သို့ ဖွံ့ဖြိုးတိုးတက်မှုများ အပေါ်ဌာနအလိုက် လုပ်ကိုင်ဆောင်ရွက်ကြသော ဝန်ထမ်းများအနေဖြင့် တိုင်းကျိုးပြည်ကျိုးသယ်ပိုးနေသူများ အဖြစ် ဂုဏ်ယူနိုင်သကဲ့သို့ ဒေသခံပြည်သူများကလည်း မိမိတို့၏ပေါင်းစည်းညီညွတ်မှုစွမ်းအားဖြင့် ဒေသကြီးဖွံ့ဖြိုးလာသည့်အခြေအနေများ၊ ဒေသအေးချမ်းတည်ငြိမ်မှုကြောင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖောက်ချဆောင်ရွက်မှုနိုင်များအပေါ် ပီတိစိတ်ဖြင့် တွေးယူခံစားနိုင်ကြမှာဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်အခြေခံ

ကချင်ပြည်နယ်အတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံသည် အတူတကွယှဉ်တွဲနေထိုင်လျက်ရှိကြကြောင်း၊ မိမိတို့၏ပြည်နယ်၊တိုင်းများသည် ပြည်ထောင်စုကြီးအတွင်းပြည်ထောင်စုလေးများသဖွယ် ရှေးပဝေသဏီကပင် တိုင်းရင်းသားလူမျိုးပေါင်းစုံသည် ချစ်ချစ်ခင်ခင်ပေါင်းသင်းဆက်ဆံနေထိုင်လာခဲ့ကြရာ ပြည်ထောင်စုစိတ်ဓာတ်အခြေခံရှိပြီး ဖြစ်ကြောင်း။

ကချင်ပြည်နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်မည့် ရေခံ၊မြေခံကောင်းများရှိသော ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးမြေအပါအဝင် ရေ၊မြေ၊သယံဇာတ အခြေခံများကြောင့်အနာဂတ်အတွက် အခြေအနေကောင်းများဖန်တီးနိုင်ပြီး ဖွံ့ဖြိုးတိုးတက်မည့် အလားအလာကောင်းများစွာရှိနေကြောင်း။

ကချင်ပြည်နယ်သည် ယခင်က စားနပ်ရိက္ခာ ဆန်စပါးဖူလုံခြင်းမရှိသည့် ပြည်နယ်ဖြစ်သော်လည်း ဆန်စပါး တိုးချဲ့စိုက်ပျိုးလာခြင်းကြောင့် ယခုအခါ စားနပ်ရိက္ခာဖူလုံစပြုနေပြီး ထိုမှတစ်ဆင့် ပိုမိုပို့လျှံလာအောင် ဆက်လက်ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က အားပေးဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ စိုက်ပျိုးမြေဧက ခြောက်သန်းခွဲကျော် တိုးတက်ခဲ့ရာ တစ်နိုင်ငံလုံးတွင် ယခုအခါ အသားတင် စိုက်ဧက ၂၆ ဒသမ ၈ သန်းအထိရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိလူဦးရေအတွက်သာမက နောင်တိုးပွားလာမည့် နိုင်ငံတော် လူဦးရေ အတွက်ပါ စားနပ်ရိက္ခာအတွက် ပူပန်ကြောင့်ကြရမှု မရှိအောင် အခြေခံကောင်း တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း။

လယ်ယာကဏ္ဍတွင် စက်မှုလယ်ယာသို့ ကူးပြောင်းရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာလုပ်ကွက်ငယ်များတွင် လက်တွန်းထွန်စက်များ အသုံးပြု၍ စိုက်ပျိုးခြင်း၊ လယ်ယာလုပ်ကွက်ကြီးများတွင် ထွန်စက်ကြီးများ အသုံးပြု၍ စိုက်ပျိုးခြင်း၊ စပါးကို တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊ ရိတ်စက်နှင့် ခြွေလှေ့စက် အသုံးပြုခြင်းတို့ကို တွင်ကျယ်အောင် ဆောင်ရွက်သွားကြရန်နှင့် ရိတ်သိမ်းခြွေလှေ့စက်ကို သုံးစွဲသော အဆင့်သို့ ကူးပြောင်းရန်လိုအပ်လျက်ရှိကြောင်း။

လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်ခြင်း လုပ်ငန်းများကို နိုင်ငံတော်အပိုင်းကသာမက ပုဂ္ဂလိကပိုင်းကလည်း ကြိုးကြိုးစားစား ထုတ်လုပ်ပေးလျက်ရှိသကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်အောင် တိုးချဲ့ထုတ်လုပ်သွားကြရန် လိုအပ်ကြောင်း။

နှစ်ရှည်ပင်စိုက်ပျိုးရေး

ကချင်ပြည်နယ်၌ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ ဒေသခံများအား လယ်ယာလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရေး လုပ်ငန်းကိုလည်း ဆက်လက်တွန်းအားပေး ကူညီပံ့ပိုးသွားရန်လိုကြောင်း၊ လယ်ယာလုပ်ကွက်ကြီးများ ဖော်ထုတ်နိုင်သည့် ဒေသဖြစ်၍ လုပ်ကိုင်နိုင်စွမ်းရှိသလောက် မိမိအတွက်နှင့် ဒေသအတွက်သာမက နိုင်ငံတော် အတွက်လည်း အကျိုးဖြစ်ထွန်းမှာဖြစ်ကြောင်း၊ နှစ်ရှည်ပင်စိုက်ပျိုးဖြစ်ထွန်းရေးကိုလည်း စီစဉ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဆန်စပါးလွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုသည့် မူဝါဒသစ်ကို ၂၀၀၃ ခုနှစ်တွင် ခွင့်ပြုခဲ့ပြီးဖြစ်ရာ ဆန်စပါးကို နိုင်ငံအတွင်း လွတ်လပ်စွာ သယ်ဆောင်ရောင်းဝယ်နိုင်ပြီဖြစ်သည့်အတွက် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်သွားကြရမည် ဖြစ်ကြောင်း။

စက်မှုနိုင်ငံဖြစ်မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ချမ်းသာမှာဖြစ်သည့်အားလျော်စွာ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၌ လျှပ်စစ်ဓာတ်အား (၁၀) မဂ္ဂါဝပ်ကျော်ထုတ်လုပ်နိုင်မည့် မလိရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်နေပြီး လျှပ်စစ်ဓာတ်အား (၂၄)မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည့် ဒဘတ်ချောင်း ရေအားလျှပ်စစ်စီမံကိန်းကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အထောက်အကူပြုသွားမည်ဖြစ်၍ စက်မှုအခြေခံမြှင့်တင်ရေးကိုလည်း ကြိုးစားအားထုတ်ကြစေလိုကြောင်း။

လူထုလှုပ်ရှားမှုအသွင်

ကချင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအတွက်လည်း နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်း အဓိကလမ်းကြီးကိုးလမ်းကိုလည်းကောင်း၊ မြို့ရွာချင်းဆက်သည့် ၄၅ လမ်းကိုလည်းကောင်း ဖောက်လုပ်ပြီးဖြစ်ကြောင်း။

ပညာရေးကဏ္ဍတွင် အခြေခံရော၊ အဆင့်မြင့်ကဏ္ဍပါ မြင့်မားတိုးတက်လာအောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်း ကျောင်းနေအရွယ် ကလေးငယ်တိုင်း ရာခိုင်နှုန်းပြည့် ကျောင်းနေနိုင်ရေး၊ မူလတန်း၊ အလယ်တန်းမှ တစ်ဆင့် အခြေခံပညာ တန်းကုန်အောင် သင်ယူနိုင်ရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် ကြိုးပမ်းသွားကြရမည် ဖြစ်ကြောင်း။

အောင်မြင်တိုးတက်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်နေအောင် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းအားလုံးက သိက္ခာ၊ သမာဓိ၊ စေတနာ၊ လုပ်ငန်းကျွမ်းကျင်မှုတို့ဖြင့် ကြိုးပမ်းလုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ ဝန်ထမ်းများအား ဒေသအကျိုးသယ်ပိုးရွက်ဆောင်နေသူများ၊ ကျေးဇူးတင်ထိုက်သူများဖြစ်သည်ဟု ဒေသခံပြည်သူများက လက်ခံသတ်မှတ်လာအောင် ကျင့်ကြံဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ဗန်းမော်မြို့ အစိုးရနည်းပညာကောလိပ် ဆောက်လုပ်ဆဲနှစ်ထပ်ပင်မဆောင်ကို တွေ့ရစဉ်။ (သတင်းစဉ်)

သူနာပြုနှင့်သားဖွားသင်တန်းကျောင်း

ဗန်းမော်မြို့ သူနာပြုနှင့် သားဖွား သင်တန်းကျောင်း အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြစ်ကြီးနားမြို့ မြို့တော်ခန်းမတွင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားပြီးနောက် ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

❋ နိုင်ငံတော်ဝန်ကြီးချုပ်မှ

ထိုသို့တွေ့ဆုံရာ၌ ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation ဥက္ကဋ္ဌ Mr. Lee Tae-Yong က စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရခိုင်ကမ်းလွန်ဒေသလုပ်ကွက် A-1 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ အဆိုပါလုပ်ကွက် A-1 အတွင်း၌ အစမ်းတွင်းအမှတ် ရွှေ-၁ ကို ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် တွင်းတူးစက် (Energy Searcher) ဖြင့် တူးဖော်ခဲ့ရာ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် အနက် ၁၀၅၈၈ ပေသို့ ရောက်ရှိခဲ့ပြီး စမ်းသပ်မှုများအရ G-5 သဲကြောတွင် စီးပွားဖြစ် သဘာဝဓာတ်ငွေ့ပမာဏမှာ ၄ ဒသမ၂ မှ ၅ဒသမ ၈ တြီလီယံ ကုဗပေအတွင်းရှိကြောင်း။

အောင်မြင်မှုတင်ပြ

ယခုရွှေအစမ်းတွင်းမှ သဘာဝဓာတ်ငွေ့တွေ့ရှိမှုသည် နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်တစ်ခုဖြစ်ကြောင်းနှင့် အဆိုပါလုပ်ကွက်တွင် အလားအလာကောင်းသည့် ဘူမိအနေအထားများဖြစ်ကြသော ရွှေဖြူနှင့် ငွေစသည်တို့လည်းရှိကြောင်း၊ ခန့်မှန်းတွက်ချက်မှုများအရ ယင်းလုပ်ကွက်မှ သဘာဝဓာတ်ငွေ့ ၁၄ တြီလီယံ ကုဗပေ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ရှာဖွေတွေ့ရှိမှုကြောင့် မိမိတို့အနေဖြင့် မြန်မာနိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည့် အခြားလုပ်ကွက်များကို လုပ်ကိုင်နိုင်ခွင့်ပြုပါရန်နှင့် ရခိုင်ကမ်းလွန်ဒေသ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးလုပ်ငန်း အောင်မြင်မှုကို လာရောက်ရှင်းလင်းတင်ပြခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏ နိုင်ငံရေး ဦးတည်ချက်လေးရပ်အနက် နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးတို့ကို အခြေချ အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သကဲ့သို့ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံတို့ကိုလည်း အတော် လုံလုံလောက်လောက် အကောင်အထည်ဖော်ထားပြီးဖြစ်ကြောင်း၊ ယင်းအရှိန်အဟုန်များကို ဆက်လက်တိုးတက်ခိုင်မာအောင်လည်း ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

စီးပွားဥစ္စာပြည့်စုံရန်လို

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ပြည့်စုံပြီးမြောက်ချိန်တွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ထွန်းကားရေးနှင့်အတူ နိုင်ငံသူ နိုင်ငံသားများ ပညာတတ်မြောက်မှု လုံလုံလောက်လောက်ဖြစ်နေစေရန်၊ စီးပွားဥစ္စာ တောင့်တင်းပြည့်စုံနေစေရန် လိုအပ်ကြောင်း။

ထို့ကြောင့် ရရှိလာသည့် အတွေ့အကြုံကောင်းများအတိုင်း မိမိဒေသအပါအဝင် ပြည်နယ်/တိုင်း အားလုံးနှင့် နိုင်ငံတော်ကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစည်းတလုံးတည်း၊ တစ်စိတ်တစ်ဝမ်းတည်း ဆက်လက် လက်တွဲ ကြိုးပမ်းသွားရန် လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အလှူငွေပေးအပ်ခြင်း အစီအစဉ်ကိုကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံ ကချင်ပြည်နယ်အတွက် ငွေကျပ် ၂၀ သိန်းကျော်တန်ဖိုးရှိ အဝတ်အထည်နှင့် ပစ္စည်းများကို အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မသင်္ဂ၊ လူမှုထူးချွန် ပထမဆင့် ဒေါ်ဆယ် (ငွေဆယ်မိသားစု)က ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်ထံ အလှူရှင် ဒေါ်ဆယ်က ကချင်ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ငွေကျပ် ခုနစ်သိန်း ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေထံ ဒေါ်ဆယ်နှင့် မိသားစုများ၊ မိတ်ဆွေများက ငွေကျပ် ၁၇ သိန်းကျော်တန်ဖိုးရှိ စောင်နှင့် အဝတ်အထည်များကိုပေးအပ်လှူဒါန်းသည်။

ထို့နောက်ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယက ဒေါ်တင်တင်နွဲ့က မြစ်ကြီးနားမြို့ မျက်မမြင်ကျောင်းအတွက် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ လှူဒါန်းငွေကျပ် ၄၅၀၀၀၀ ကို ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်အား ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားလေဆိပ်သို့သွားရောက်ကြပြီး လေယာဉ်ပြေးလမ်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ထပ်ပိုးလွှာခင်းပြီးသည့် လေယာဉ်ပြေးလမ်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

လေယာဉ်ကွင်း ဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၂)က အရှည်ပေ ၆၀၀၀၊ အကျယ်ပေ ၅၀ ရှိ မြစ်ကြီးနား လေယာဉ်ကွင်းလေယာဉ်ပြေးလမ်း နှင့် လေယာဉ်ရပ်နားနေရာတို့ကို ၂၀၀၀ ပြည့်နှစ် ဇွန်လမှစ၍ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီခွဲတွင် ရဟတ်ယာဉ်ဖြင့်မြစ်ကြီးနားမြို့မှ ဗန်းမော်မြို့သို့ ရောက်ရှိကြရာ ဗန်းမော်တပ်နယ်မှ ဗိုလ်မှူးချုပ်စိုးနွယ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ဗန်းမော်လေဆိပ် ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးကြီး ညဏ်ထွန်းအောင်က ဗန်းမော်လေဆိပ် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ချက်များကို ရှေးဦးစွာ ရှင်းလင်းတင်ပြပြီး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအုန်းမြင့်က ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းအစီအစဉ်များကိုရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်းမီတည်ဆောက်

ဆက်လက်၍ ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီလီမိတက် အင်ဂျင်နီယာမှူး ဦးတင်ဝင်းနှင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းထွန်းတို့က ဗန်းမော်လေဆိပ်လေယာဉ်ပြေးလမ်း တိုးချဲ့ရေးလုပ်ငန်းများနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့က လေယာဉ်ပြေးလမ်းကို စနစ်တကျ စံချိန်စံညွှန်းမီ တည်ဆောက်ရန် မှာကြားကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စက်ယန္တရားကြီးများဖြင့် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ လေယာဉ်ပြေးလမ်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဗန်းမော်လေဆိပ်၏မူလလေယာဉ်ပြေးလမ်းမှာ အလျားပေ ၅၅၀၀၊ အနံပေ ၁၀၀ရှိသည့် ကျောက်ကတ္တရာခင်းပြေးလမ်းဖြစ်သည်။

အဆိုပါ ပြေးလမ်းကို အလျားပေ ၈၅၀၀၊ အနံပေ ၁၀၀ရှိ ကျောက်ရောကတ္တရာလမ်းအဖြစ်လည်းကောင်း၊ အလျားပေ ၂၀၀၊ အနံပေ ၃၀၀ရှိ လေယာဉ်ရပ်နားနေရာနိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို လည်းကောင်း ရွှေသံလွင်ဟိုင်းဝေး ကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်နေခြင်း ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဗန်းမော်လေဆိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဗန်းမော်လေဆိပ်မှတစ်ဆင့် ဗန်းမော်မြို့ အစိုးရကွန်ပျူတာကောလိပ်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ တာဝန်ခံကျောင်းအုပ် ဒေါ်ခင်ကြူကြူက ကောလိပ်တွင် ဖွင့်လှစ်ပေးလျက်ရှိသည့် သင်တန်းများ၊ သင်ထောက်ကူပစ္စည်းများ ရရှိထားမှုနှင့် ဆရာဆရာမ အင်အား၊ ဝန်ထမ်းအင်အား အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဗန်းမော်ခရိုင်အင်ဂျင်နီယာမှူးဦးညီညီက ကွန်ပျူတာကောလိပ်အတွင်းရှိလမ်းများ ကောင်းမွန်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဗန်းမော်မြို့ အစိုးရကွန်ပျူတာကောလိပ်တွင်သုံးထပ်ပင်မဆောင်ဆောက်လုပ်ရန် လျာထားသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ကျောင်းသားများအား ကွန်ပျူတာပညာရှင်များဖြစ်လာအောင် ပြုစုပျိုးထောင် ပညာသင်ကြားပေးရန်နှင့် ကွန်ပျူတာအသုံးချမှု ကျယ်ပြန့်လာအောင် ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်များကို လည်းကောင်း၊ ကျောင်းသားကျောင်းသူများစာသင်ကြားနေမှုနှင့် ကွန်ပျူတာခန်းတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ဗန်းမော် ဒီဂရီကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီးနှင့် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများက ကြိုဆိုကြသည်။

အဆင့်မြင့်ကောလိပ်ဖြစ်ရေး

ထို့နောက် သုံးထပ်ပင်မဆောင်၌ ကျောင်းအုပ်ကြီး ဦးခင်မောင်တင်က ဗန်းမော်ဒီဂရီကောလိပ်၏ သင်ကြားရေးနှင့် စီမံရေးရာ ကိစ္စများကိုလည်းကောင်း၊ ဒေင်အုပ်စု ကုမ္ပဏီလီမိတက် စီမံကိန်းမန်နေဂျာ ဦးကြည်ဝင်းစိန်က ဗန်းမော်ဒီဂရီကောလိပ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် ပြီးစီးမှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ အတွင်းရေးမှူး(၁) က နယ်မြေဒေသအလိုက် အဆင့်မြင့်ပညာကို လွယ်လင့်တကူသင်ကြားနိုင်အောင် စီမံဖွင့်လှစ်ထားသည့် တက္ကသိုလ်၊ ကောလိပ်များရှိနေပြီဖြစ်ရာ ဗန်းမော်ဒီဂရီကောလိပ်ကလည်း အဆင့်အတန်းရှိသော ကောလိပ်ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁)သည် ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ ဆရာဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် သုံးထပ်ပင်မဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဆရာ ဆရာမ အဆောင်များ၊ ပါမောက္ခနေအိမ်များ၊ ဝန်ထမ်းနေအိမ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စာသင်ဆောင်(၄)ရှိ Computer Training Centre နှင့် Language Laboratory တို့၌ ကျောင်းသား ကျောင်းသူများသင်ကြားလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ဝန်ထမ်းအိမ်ရာဆောက်လုပ်မှုကြည့်

ထိုမှတစ်ဆင့် အမျိုးသားကျန်းမာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဗန်းမော်မြို့ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း သို့ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ သူရိယဆောက်လုပ်ရေးအဖွဲ့ အုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်သက်လှိုင်က သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၌ နှစ်ထပ်သင်တန်းကျောင်း အဆောက်အအုံတစ်လုံးနှင့် လေးခန်းတွဲနှင့် နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နှစ်ထပ်သင်တန်းကျောင်းအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြပြီး အဆောက်အအုံများကို စနစ်တကျ သပ်သပ်ရပ်ရပ် တည်ဆောက်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခုတင်(၂၀၀)ဆံ့ ဗန်းမော်ခရိုင် ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ရှေးဦးစွာ လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ အထူးကြပ်မတ်ကုသခန်းနှင့် မျက်စိကုဌာနတို့ကိုကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ထမ်းနေအိမ်များကိုကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဦးသိန်းလှက ရှင်းလင်းပြသပြီး အတွင်းရေးမှူး(၁)က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ဗန်းမော်မြို့ အစိုးရနည်းပညာကောလိပ်သို့ရောက်ရှိကြသည်။

နည်းပညာကောလိပ်

ယင်းနောက် ရှင်းလင်းဆောင်၌ ရွှေသံလွင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်က ဗန်းမော်မြို့ အစိုးရနည်းပညာကောလိပ်တွင် ဆောက်လုပ်ပြီးစီးသည့် အလုပ်ရုံများနှင့် ဝန်ထမ်းနေအိမ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဆောက်လုပ်ဆဲ နှစ်ထပ်ပင်မဆောင်နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းအုပ်ကြီး ဦးကျော်ခိုင်လင်းက သင်ကြား/စီမံကိစ္စများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆရာဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် နှစ်ထပ်ပင်မဆောင် ဆောက်လုပ်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း၊ ကွန်ပျူတာခန်းနှင့် အလုပ်ရုံများကို လည်းကောင်း၊ စာသင်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီခွဲတွင် ဗန်းမော်မြို့ သာသနာ့ဗိမာန်သို့ သွားရောက်၍ ဗန်းမော်မြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ညောင်ပင်သာကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကလျာဏထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ညနေ ၄ နာရီခွဲတွင် ဗန်းမော်မြို့ ဗန်းမော်ခရိုင်နှင့် ဗန်းမော်၊ မံစီ၊ မိုးမောက်၊ ရွှေကူမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံမှာကြားပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

သုခါပဋိပဒါ သဒ္ဓမ္မရံသီရိပ်သာ ဝိပဿနာတရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ် (၁၅) ကျောက်ကုန်းလမ်းရှိ သုခါပဋိပဒါ သဒ္ဓမ္မရံသီရိပ်သာ၌ ဇန်နဝါရီ ၂၁ ရက်မှ ၃၁ ရက် အထိ ၁၀ရက် ဝိပဿနာ တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူများသည် ဇန်နဝါရီ ၁၇ရက်မှစ၍ နေ့စဉ် နံနက်၁၀ နာရီမှ ညနေ ၃ နာရီအတွင်း ရိပ်သာသို့ လာရောက်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ **(က-ပ)**

သားငါးပွဲ့ဖြိုး ပြည်အကျိုး

စာပေဖွံ့ဖြိုးရေးလုပ်ငန်းနှင့် စာအုပ်ကတ်တလောက်အရသာ သုတပညာ

တစ်ခါတစ်ရံ စာပေတိုက်များမှ ထုတ်ဝေလေ့ရှိသော စာအုပ်ကတ်တလောက် စာရင်းများကို ဖတ်ရသည့်အခါ အရသာတစ်မျိုးရှိသည်ဟု ခံစားမိသည်။ စာရေးဆရာအမည်၊ စာအုပ်အမည်၊ စာအုပ်ဈေးနှုန်း၊ ထုတ်ဝေသည့် စာပေတိုက် စသည်တို့ ပါဝင်သဖြင့် သိသင့်သိထိုက်သည်များ သိမှတ်လိုက်ရ၏။ ပြီးတော့ အကြောင်းအရာ ခြေရာကောက်ဖို့ အဆင်ပြေ၏။ အချိန်ကာလ အလှမ်းကွာဝေးသည့် ကတ်တလောက်များသည် သမိုင်းကို လှစ်ဟဖော်ပြပေးသဖြင့် သုတပညာအတွက်လည်း ပွားများခွင့်ရပေသည်။

တွေ့ရှိသမျှ ကတ်တလောက်များမှသုတ၊ ရသ တစ်ခုခုရသည်ချည်းဖြစ်၏။ ကျွန်တော်တို့ လေးစားကြည်ညိုရသည့် စာပေပညာရှင်ကြီးများသည်လည်း ထိုသဘောပင် ရှိခဲ့ဖူးပေသည်။ စာပေပညာရှင်ကြီးတစ်ဦးက ကတ်တလောက် ဖတ်ပြီးနောက် "စာအုပ်ကိုမတွေ့ရစေကာမူ အကြောင်းအရာမျှလောက် သိရခြင်းပင်လျှင် ဗဟုသုတတစ်မျိုးဖြစ်၏။ ထို့ကြောင့် စာအုပ်ကတ်တလောက်များကို ဖတ်ရှုရခြင်းသည် အရသာရှိခြင်းဖြစ်ပေသည်"ဟု မှတ်ချက်ချဖူးပေသည်။ ခေတ်အလျောက် စာအုပ်ကတ်တလောက်များစွာ ပေါ်ထွက်ခဲ့ဖူးပေရာ အကျိုးလည်းများလှပေ၏။ ထို့ကြောင့် စာအုပ်ကတ်တလောက်များကို သင့်တင့်သောတန်ဖိုးထက် ငွေကြေးပေး၍ ဝယ်ယူလေ့လာသူများစွာရှိကြောင်းလည်းသိရပေသည်။ တကယ်တော့ စာအုပ်ကတ်တလောက် ဖြန့်ချိမှုသည် အခမဲ့ဖြစ်၏။ သို့ဖြစ်၍ ခုံမင်စွာဝယ်ယူသူတို့သည် ကတ်တလောက်၏ ကျေးဇူးသိကြသူများဟု ဆိုရမည်ဖြစ်လေသည်။

ရန်ကုန်မြို့ အစိုးရပုံနှိပ်တိုက်က ၁၈၈၅ခုနှစ်တွင်ပုံနှိပ်သော စာအုပ်စာရင်းကတ်တလောက်ကို ဖတ်ရှုမိသော ပညာရှင်ကြီးတစ်ဦးသည် သူမသိမီလိုက်သောခေတ်က အခြေအနေကို သိလိုက်မိသဖြင့် ကျေးဇူးကြီးကြောင်း ရေးသားခဲ့ဖူးပေသည်။ ၁၈၈၅ ခုနှစ်သည် သီပေါမင်း ပါတော်မူသည့်နှစ်ဖြစ်၏။ ထိုအချိန်က ထုတ်ဝေခဲ့သော စာအုပ်များကို ကြည့်ရုံဖြင့် ထိုခေတ်က မြန်မာစာပေအခြေအနေကို သဲသဲကွဲကွဲမြင်နိုင်ပါသည်။

ကတ်တလောက်၏ ပထမစာမျက်နှာတွင် "အတွင်းအောင်ခြင်း၊ မင်္ဂလသုတ်၊ ရတနာရွှေချိုင့်၊ သဒ္ဒဗျူဟာ၊ ဓမ္မပဒပါဠိတော်၊ ဓမ္မပဒကထာခြောက်စောင်တွဲ၊ ကကြီးခရွေးသင်ပုန်းကြီး၊ ဝေဿန္တရာဇာတ်ဝတ္ထု၊ သုဓမ္မစာရီမင်းသမီးဖြတ်ထုံး၊ ဇနက္ကဇာတ်ဝတ္ထု၊ တေမိဇာတ်ဝတ္ထု၊ နေမိဇာတ်ဝတ္ထု၊ မဟောသဓဇာတ်ဝတ္ထု ပထမတွဲ၊ ဒုတိယတွဲ၊ ရွှေတိဂုံသမိုင်း၊ ရွှေမောဓောသမိုင်း၊ ပုဏ္ဏာဝိသဇ္ဇနီကျမ်းစာ၊ ဓိနတ္ထပကာသနီကျမ်းစာ၊ ဟိတောပဒေသကျမ်းစာ၊ ဓညဝတီအရေးတော်ပုံစာအုပ်များ တွေ့ရသကဲ့သို့ နောက်ဆုံးစာမျက်နှာတွင် မနုဝဏ္ဏနာ၊ မနုရင်း၊ မနုသာရ၊ ရွှေမျဉ်း၊ ဝိနိစ္ဆယပကာသနီ စသည့် ဓမ္မသတ်စာရင်းကို တွေ့ရပေ၏။

စာရေးဆရာကြီးသည် ထိုစာရင်းကိုတွေ့လိုက်ရသော လွန်ခဲ့သည့် နှစ်ငါးဆယ်လောက်က ခံစားရေးဖွဲ့ခြင်းဖြစ်၏။ ထိုသို့ စာဟောင်း၊ ပေဟောင်း၊ ကတ်တလောက်ဟောင်း၏ ကျေးဇူးကို ကျွန်တော်လည်း ခံစားခဲ့ရဖူးပေသည်။

ရပ်ကွက်အတွင်းမှ စာပေမိတ်ဆွေကြီး ဦးရှိန်သန်း ကူညီမှုဖြင့် အစိုးရပုံနှိပ်ရေးနှင့် စာရေးကိရိယာဌာနခွဲက ထုတ်ဝေသည့် ၁၉၆၁ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ထုတ်ဝေခဲ့သော စာအုပ်စာတမ်းများစာရင်း ကတ်တလောက်စာရင်းများဖြစ်ပေသည်။ အင်္ဂလိပ်ဘာသာဖြင့် Catalogue of Books. (In English)Up to 30th September 1961 ဟုလည်းပါဝင်ပေသည်။ လွန်ခဲ့သည့် နှစ်ပေါင်း၄၀ကျော်က ကတ်တလောက်ဖြစ်၏။

ညွန့်ဟံ (ကြူတော)

စာအုပ်စာတမ်းများထုတ်ဝေမှုကို ခရစ်နှစ် ၁၈၆၁ခုနှစ်မှ စတင်ထားသည်။ အနိမ့်ဆုံးစာအုပ်ဈေးနှုန်းမှာ ဆယ်ပြားဖြစ်သည်။ စာအုပ် အမျိုးအစားများကို ယေဘုယျအားဖြင့် ဖော်ပြရပါက ဥပဒေ၊ အက်ဥပဒေများ၊ ကာလအပိုင်းအခြားနှင့် ထုတ်ပြန်သည့် စာအုပ်စာတမ်းများ၊ နှစ်ချုပ်အစီရင်ခံစာများ၊ Regulations ဥပဒေများ၊ နည်းဥပဒေများနှင့် အမိန့်များ၊ နှစ်ချုပ်အစီရင်ခံစာများ၊ မြန်မာနိုင်ငံအစိုးရအရာရှိစာရင်း၊ အထွေထွေအစီရင်ခံစာများ၊ လက်စွဲဥပဒေစာအုပ်များ၊ အထွေထွေ စသည်ဖြင့် ခွဲခြားထားသည်။

အင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေမှုတွင် ၁၈၅၆ မှ စတင်ဖော်ပြထားသည်။ Acts, Regulations, Statutes. Rules made under Enactments, Manuals. Annual Reports, Other Periodical Publications စသည်ဖြင့် စုံစုံလင်လင် ဖော်ပြထားသည်။

ကျွန်တော်တင်ပြလိုသည်မှာ သုတပညာဆိုင်ရာ စာစုအချို့ ဖြစ်ပါ၏။ ကတ်တလောက်စာရင်းမှ ပညာရခြင်းဖြစ်သည်။ ဖော်ပြခဲ့သည့်အတိုင်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း အမျိုးမျိုးသာမက လယ်ယာစိုက်ပျိုးရေး၊ လက်မှုပညာ၊ ပညာရေးတို့နှင့် စပ်ဆိုင်သည့်စာအုပ်စာတမ်းများ ထုတ်ဝေခြင်းဖြစ်၏။ အစိုးရပုံနှိပ်တိုက်က ထုတ်ဝေခဲ့သည့် ကျေးဇူးကြောင့် ကျွန်တော်တို့ ရသရော၊ သုတပါ ခံစားရရှိခဲ့၏။

အဆိုပါ ကတ်တလောက်စာအုပ်စာရင်းမှ ရှေးဟောင်းသုတေသနဌာနက ပြုလုပ်ခဲ့သော ပုဂံရက်သတ္တပတ် ဟောပြောချက်စာအုပ်ကို ဖတ်ဖူးခဲ့ရာ ပုဂံဒေသကို ရောက်သည့်အတိုင်း ခံစားရပြီး မြန်မာမင်းများအုပ်ချုပ်ပုံစာတမ်းများ လေ့လာခွင့်ရသဖြင့် မြန်မာ့ခေလေ့၊ မြန်မာ့အုပ်ချုပ်ရေးစနစ်နှင့် မြန်မာ့သဘာဝကို နားလည်ခွင့်ရခဲ့ပါ၏။ အလောင်းဘုရားအရေးတော်ပုံ စာအုပ်များဖတ်ရသဖြင့် ဇာတိမာန်တက်ကြွခဲ့ရပါ၏။ ရှေးရိုးမြန်မာသီချင်းကြီးများ စာအုပ်ကြောင့်လည်း မြန်မာ့ရိုးရာဂီတပညာကို စွဲမက်ရပေသည်။

ထို့အတူ ကင်းဝန်မင်းကြီး လန်ဒန်သွား နေ့စဉ်မှတ်တမ်းများကြောင့် ခရီးသွားစာပေသဘောသဘာဝနှင့် ထိုခေတ်က နိုင်ငံတကာဆက်ဆံရေးကို သိမှတ်ခဲ့ရသည်။ လွှတ်တော်မှတ်တမ်းစာအုပ်ကို လေ့လာရသည့်အခါ မြန်မာအုပ်ချုပ်ရေးစနစ်ကို ရှုမြင်ခွင့်ရသည်။ လောကဗျူဟာ အင်ရုံစာတမ်းကြောင့် မြန်မာတို့၏ အဆင့်အတန်းမြင့်မားသော လူမှုရေးစနစ် ယဉ်ကျေးမှုများကို နားလည်ခံစားခွင့် ရပေသည်။

ဦးကုလား ရာဇဝင်စာအုပ်ကြီး ဖတ်ရသည့်အချိန်တွင် ခေတ်အလျောက် မြန်မာပညာရှိတို့၏ လုံ့လဝီရိယစေတနာကို နားလည်ရပေသည်။ ကျန်စစ်သားမင်းကြီးနန်းတော် မွန်ကျောက်စာကြောင့် မွန်စာပေ ရေးထုံးစနစ်၊ ပုဂံခေတ်စာပေယဉ်ကျေးမှုသဘောသဘာဝကို သိမြင်ခွင့်ရပေ၏။ ဖော်ပြခဲ့သည့် စာအုပ်စာတမ်းများမှာ ကျွန်တော်၏ လက်တစ်ကမ်းတွင်ရှိသော စာအုပ်များထဲမှ ကောက်ကာငင်ကာ တင်ပြခြင်းဖြစ်၏။ အခြားသောစာအုပ်စာတမ်း များစွာရှိပေသေးသည်။ ဓိနတ္ထပကာသနီကျမ်း၊ ဇာတာတော်ပုံရာဇဝင်၊ မြစေတီကျောက်စာ စသည်တို့ဖြစ်၏။ စာပေရှုထောင့်ဖြစ်သာ လေ့လာခဲ့ဖူးခြင်းဖြစ်၏။ ကျွန်တော်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနက ထုတ်ဝေခဲ့ခြင်းဖြစ်သည်ကို သတိမမူခဲ့မိ။

စာအုပ်စာတမ်း ဖြန့်ချိမှု ကတ်တလောက်တွင် လိပ်စာကို ၂၁၂ သိမ်ဖြူလမ်း ရန်ကုန်မြို့ဟု ဖော်ပြပါရှိသည်။ ထုတ်ဝေသည့် စာအုပ်ဈေးနှုန်းများ ပြင်ဆင်သင့်က ပြင်ဆင်မည်ဖြစ်ကြောင်း မြန်မာရော၊ အင်္ဂလိပ်ဘာသာဖြင့်ပါ အသိပေးထားသည်။ Prices are subject to alternation without notice ဟူ၍ ဖြစ်ပေသည်။

တစ်ချိန်က Government Pressဟု လူသိများသည့် ဌာနက ထုတ်ဝေခဲ့သည့် ကတ်တလောက်တစ်ခု၏ တန်ဖိုးကို ရည်ညွှန်းဖော်ပြခြင်းဖြစ်သည်။

ကတ်တလောက်တွင် ပါဝင်သော စာအုပ်များထဲမှ လေ့လာဖတ်ရှုမှု အခွင့်အလမ်းမရှိသေးသော စာအုပ်များစွာ တွေ့ရပေ၏။ ခြေရာကောက်စရာလည်းများစွာရှိရာ ရိုးရာယဉ်ကျေးမှုနှင့် သမိုင်းအမွေအနှစ်အတွက် စုစည်းစရာ များစွာရှိ၏။ လက်ဆင့်ကမ်းဖို့ လိုအပ်ချက်များကိုလည်းတွေ့ရ၏။ နှစ်အလိုက်ထုတ်ဝေမှုကို စုစည်းထားခြင်းဖြစ်၍ တန်ဖိုးမပြတ်နိုင်အောင် ရှိရပေသည်။

ကျွန်တော်တင်ပြလိုသည်မှာ စာပေဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကတ်တလောက်၏ အခန်းကဏ္ဍဖြစ်ပေ၏။ လက်ငင်းအကျိုးခံစားခွင့်ရှိသကဲ့သို့ နှစ်ပရိစ္ဆေဒ ရှည်ကြာသည့်အခါတွင်လည်း တန်ဖိုးအား ကြီးမားကြောင်းတွေ့ရ၏။ စာပေတိုက်များနှင့် ကတ်တလောက်လုပ်ငန်း ဆက်စပ်နိုင်မှုသည် အကျိုးကျေးဇူးကြီးမားလှပေသည်။ သာမန်အားဖြင့် ကတ်တလောက်စာရင်းသည် အခမဲ့ဖြန့်ချိရသည့်သဘောရှိရာ ငွေကြေးအရှုံးဟု ဆိုနိုင်ပေ၏။

သို့ရာတွင် မမျှော်မှန်းနိုင်သည့် အကျိုးအမြတ်တွေက စာပေဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ထိရောက်လှပေသည်။

ထပ်ဆင့်တင်ပြရပါက စာအုပ်ပုံကြားထဲက ကတ်တလောက်စာရင်းများကို ဖတ်ရှုခံစားရသည့် သုတပညာနှင့် စာပေအရသာကား လေးနက်လွန်းလှသည်ဟု ဆိုချင်ပါသည်။ ထို့အပြင် မြန်မာစာပေဖွံ့ဖြိုးရေးအတွက်ပါ ကြီးစွာသော အထောက်အပံ့ပြုသည်ဟု ဧကန်ဆိုရပါမည်။ ကတ်တလောက်တွေများလေ သုတပညာ စာပေအရသာ မြင့်မားလာလေ ဖြစ်ပါလိမ့်မည်ဟု မျှော်လင့်မိပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၇-၁-၂၀၀၄
(စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ဘဒ္ဒေကရတ္တသုတ်"**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၅ ၇။ မြန်မာသံစဉ်ချိုနှာဝင်
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(စိတ်ပညာ) (ခ)ပထမနှစ် (အရှေ့တိုင်းပညာ)
၅:၃၅ ၁၀။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ညီအစ်မလေးဖော်"** (အပိုင်း-၁၇)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ English Premier League ဘောလုံးပွဲ Tottenham Hotspur Vs Liverpool
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်သည့် ကျိုစုရွာသစ် ကျေးရွာ 'ရောင်ခြည်ဦး' ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါ ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝေနှင့် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးထွန်းမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

အလင်းရောင်တိုင်းရင်းဆေးများ ထုတ်လုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၆

အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါးများ ထုတ်လုပ်လျက်ရှိသော ဦးစိုးတင့်(အလင်းရောင်ဆေးတိုက်)က ဆရာဦးသန်းဆွေ အမှတ်တံဆိပ် အလင်းရောင် မျက်စိအားပေး အကြောပဒေသာစားဆေး၊ အလင်းရောင် မျက်စဉ်းဆေးရည်၊ ဝမ်းပုပ်ချဆေးပြား၊ အညှော်ခံအခိုးပွင့်ဆေးမှုန့်၊ အလင်းရောင်သွေးဆေး၊ ဝိပ္ပလိ အစာကြေလျက်ဆား၊ မျက်စိအားတိုးဆေး၊ အစာကြေ လေပုပ်ထုတ်ဆေးများကို အဆင့်မီ စနစ်တကျထုတ်လုပ်မှုဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။

အဆိုပါ တိုင်းရင်းဆေးများကို အလင်းရောင်ဆေးတိုက် အမှတ် ၈/ ၃၉၅ မေဓာဝီလမ်းမကြီး မြောက်ဥက္ကလာပ ရန်ကုန် ဖုန်း-၆၉၉၈၉၉၊ ၆၉၉၂၃၆နှင့် အမြို့မြို့ရှိ ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(က-ပ)

ရန်ကင်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း မိဘ၊ ဆရာ၊ ကျောင်းသားစုံညီပွဲနှင့် ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာအောင်က ကျောင်းတွင်း လေးနှစ်ဆက်တိုက် ပထမဆု၊ မြို့နယ် ဘက်စုံထူးချွန် သုံးနှစ်ဆက်တိုက် ပထမဆုရရှိခဲ့သော ဆဋ္ဌမတန်းမှ မဆုရည်နှင်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

အမှတ်တရပစ္စည်းများ ရောင်းချခြင်းဖြင့်နိုင်ငံခြားငွေရှာဖွေ မြန်မာ့လက်မှုအနုပညာနှင့် မြန်မာကိုကမ္ဘာကသိအောင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၆

ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း အမှတ်တရပစ္စည်းများ ထုတ်လုပ်ရောင်းချရေးဆပ်ကော်မတီ အစည်းအဝေးကို ဇန်နဝါရီ ၁၄ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်တရပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး ဆပ်ကော်မတီဥက္ကဋ္ဌ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်အမှာစကားပြောကြားသည်။ (ယာပုံ)

အမှတ်တရ ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး ဆပ်ကော်မတီဥက္ကဋ္ဌ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကား ပြောကြားရာ၌ အမှတ်တရ ပစ္စည်း ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရေးဆပ်ကော်မတီ အနေဖြင့် မြန်မာနိုင်ငံကို လာရောက်လည်ပတ်သော ကမ္ဘာလှည့် ခရီးသည်များ မြန်မာ့လက်ရာအမှတ်တရ ပစ္စည်းများကို အလွယ်တကူ ဝယ်ယူနိုင်အောင် စီမံဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ယခုအချိန်သည် မြန်မာနိုင်ငံ၏ ပွင့်လင်းရာသီဖြစ်၍ မြန်မာနိုင်ငံကို ပြည်ပနိုင်ငံများမှ ကမ္ဘာလှည့် ခရီးသည်များ ပိုမိုလာရောက်ကြသည့် အချိန်ရာသီဖြစ်ကြောင်း၊ လာရောက်ကြသည့် ကမ္ဘာလှည့်ခရီးသည်များသည် မြန်မာ့လက်ရာအမှတ်တရပစ္စည်းများကို စိတ်ချမ်းမြေ့စွာ အလွယ်တကူဝယ်ယူနိုင်ရန် စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ ကမ္ဘာလှည့်ခရီးသည်များအား မြန်မာ့လက်ရာအမှတ်တရပစ္စည်းများ ရောင်းချခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေသည့် Export လုပ်ငန်းဖြစ်သကဲ့သို့ မြန်မာ့လက်မှု အနုပညာနှင့်မြန်မာနိုင်ငံကို ကမ္ဘာကသိရှိအောင် ဆောင်ရွက်သည့် မီဒီယာလုပ်ငန်းလည်းဖြစ်ကြောင်း စသည်ဖြင့်ပြောကြားသည်။

ဆက်လက်၍ အမှတ်တရပစ္စည်း အရောင်းဆိုင်များ အဆင့်အတန်းမြင့်မားရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ အမှတ်တရပစ္စည်းများ အရည်အသွေးမြင့်မားစွာ ထုတ်လုပ်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ အမှတ်တရပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးဆပ်ကော်မတီ အတွင်းရေးမှူးညွှန်ကြားရေးမှူးဦးကျော်လှိုင်က ဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ ပြည်နယ်၊ တိုင်းသမဝါယမဦးစီးဌာနများက ပြည်နယ်၊ တိုင်းအလိုက် အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချမှု အခြေအနေများကိုလည်းကောင်း တင်ပြကြရာဆပ်ကော်မတီဝင်များနှင့် အစည်းအဝေး တက်ရောက်လာကြသူများက ညှိနှိုင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

စွမ်းအင်ဒုတိယဝန်ကြီး လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၆

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး စိန်တင်ဝင်းနှင့်တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၀ရက်တွင် မိုင်းဆတ်မြို့သို့ရောက်ရှိခဲ့ပြီး မိုင်းဆတ်ဒေသ စက်သုံးဆီ သယ်ယူသိုလှောင်ဖြန့်ဖြူးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးသည် လုပ်ငန်းပိုင်းဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။

ဇန်နဝါရီ ၁၁ ရက်တွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်မြို့သို့ရောက်ရှိခဲ့ပြီး စက်သုံးဆီဖြန့်ဖြူးရေးနှင့် အရောင်းဆိုင်တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ကျိုင်းတုံမြို့ရှိ တိုင်းရောင်းဝယ်ရေး အရာရှိရုံးသို့ ရောက်ရှိစစ်ဆေးခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၃၉၆)ဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၁၆

အိမ်မှာ အလှဆင်အပန်းဖြေ စီးလို့လည်းရတဲ့ ဒန်းအမျိုးမျိုး၊ ရန်ကုန်မြို့လယ်တွင် ခေတ်မီဗိုလ်ဆွန်ပက် ကွန်ဒိုမီနီယံ တည်ဆောက်ဦးမည်၊ ပဲခူးမြို့အဝင်မှ ဉာဏ်တော် ၃၇ပေမြင့် ကြေးဆင်းတုတော်ကြီး၊ ထူးခြားရှားပါးတဲ့ ကတိုးကောင်အသေနဲ့ ကျောက်ဖြစ်မှို၊ သာမညဆရာတော်ကြီး၏ ရုပ်ကလာပ်တော်မှန်ခေါင်းအတွင်း'ဝ'များ ပေါ်ထွန်း၊ အကယ်ဒမီဝါဝါဝင်းရွှေမွေးနေ့ အထိမ်းအမှတ် စာနယ်ဇင်းဆရာများ ရဟန်းခံ၊ အကယ်ဒမီငါးဆုရ ဆန်ရေဇာတ်ကားတွင် ဆုရသူများအား ဂုဏ်ပြုပွဲ စသည့် ပြည်တွင်းပြည်ပ သတင်းများဖြင့် ပြည်မြန်မာ သတင်းဂျာနယ် အမှတ်(၃၉၆)ကို ပုဇွန်တောင် ရေကျော်လမ်း အမှတ်(၉) သုတစွယ်စုံ စာအုပ်တိုက်က ဖြန့်ချီသည်။ **(အပေါ်ပုံ)(က–ပ)**

ပရိယတ္တိပြန့်ပွားရေးစာမေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

နိုင်ငံတော် ဩဝါဒါစရိယ တိုက်ကြီးမြို့ ပြည်သဒ္ဓမ္မဇောတိကာရုံစာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ မြို့နယ် ပရိယတ္တိပြန့်ပွားရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ဉာဏဝံသ ဦးဆောင်၍ မြို့နယ် သံဃနာယကအဖွဲ့နှင့် မြို့နယ် ပရိယတ္တိပြန့်ပွားရေးအဖွဲ့တို့ ကြီးမှူးကျင်းပသော စာမေးပွဲကို တိုက်ကြီးမြို့ ပြည်သဒ္ဓမ္မ ဇောတိကာရုံစာသင်တိုက်၌ ဖေဖော်ဝါရီ ၁၇ရက်မှ ၂၁ရက်ထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

ညတရားပွဲများကို ဖေဖော်ဝါရီ ၁ရက်၊ ၂ ရက်ညများ၌ မဟာစည်နည်းလှည့် ဓမ္မကထိက ထီလာ အရှင်သုန္ဒရ (သာသနဓဇ ဓမ္မာစရိယ) ကလည်းကောင်း၊ ဖေဖော်ဝါရီ ၃ ရက်ည၌ ပြည်ခရိုင် ပေါင်းတလည်မြို့ နည်းလှည့်ဓမ္မကထိကဘဒ္ဒန္တ တေဇနိယ ကလည်းကောင်း၊ ဖေဖော်ဝါရီ ၄ရက်ည၌ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဘဒ္ဒန္တကုမာရ (ဗန်းမော်ဆရာတော်) (သ–စ–အ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ)ကလည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားဓမ္မများ ဟောကြားတော်မူမည်ဖြစ်ပြီးဖေဖော်ဝါရီ ၂၁ရက်နေ့လယ်ချိန်တွင် စာအောင်ဆုနှင်း သဘင်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ပန်းအလှပြပြင်မှု သင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံ ပန်းအလှပြုပြင်မှုသင်တန်းအမှတ်စဉ် ၁/၂၀၀၄ ကို ဇန်နဝါရီ ၂၆ရက်မှ ဖေဖော်ဝါရီ ၃ရက်အထိ နေ့စဉ် နံနက် ၈နာရီမှ ၁၂ နာရီအတွင်း ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ် ခန်းမဆောင်တွင် သင်တန်းသား သင်တန်းသူ ၅၀ဖြင့် ဖွင့်လှစ်ရန်စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ်အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် တစ်ဦးလျှင်ကျပ် ၃၀၀၀ စီ ပြင်ပပုဂ္ဂိုလ်များအတွက် တစ်ဦးလျှင် ကျပ် ၃၅၀၀ စီ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းရုံး ဖုန်း–၃၇၉၃၆၁ သို့ ဆက်သွယ်၍ စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(၃၀၈)**

အပြည်ပြည်ဆိုင်ရာကွန်ပျူတာပါရဂူအဆင့် သုတေသနစာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲနှင့် လက်မှတ်ရေးထိုးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ကဦးစီး၍ ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာပါရဂူအဆင့် သုတေသနစာတမ်းဖတ်ပွဲ (The Second International Computer Ph.D Level Research Conference)နှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို ဇန်နဝါရီ ၈ရက်က ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပသည်။

အခမ်းအနားတွင်သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းကအဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)** ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ Hankuk Aviation University (HAU)မှ President Dr.Soon Kil Hong နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်ပါမောက္ခချုပ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာပါရဂူအဆင့် သုတေသနစာတမ်းဖတ်ပွဲတွင် ကိုရီးယားသမ္မတနိုင်ငံ တက္ကသိုလ်များ ၁၂စောင်၊ ဂျပန်နိုင်ငံတက္ကသိုလ်များနှစ်စောင်၊ ကနေဒါနိုင်ငံတက္ကသိုလ်တစ်စောင်၊ စင်ကာပူနိုင်ငံတက္ကသိုလ်ခုနစ်စောင်၊ဩစတြေးလျနိုင်ငံတက္ကသိုလ် နှစ်စောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတက္ကသိုလ်နှစ်စောင်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ၆၄ စောင် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ကွန်ပျူတာပါရဂူအဆင့် သုတေသနစာတမ်းဖတ်ပွဲတွင် နိုင်ငံခြားတက္ကသိုလ်များမှ လာရောက်စာတမ်းတင်သွင်းဖတ်ကြားကြသော ပါမောက္ခများမှာ ကိုရီးယားသမ္မတနိုင်ငံ တက္ကသိုလ်များမှ ရှစ်ဦး၊ ဂျပန်နိုင်ငံတက္ကသိုလ်များမှ တစ်ဦး၊ စင်ကာပူနိုင်ငံတက္ကသိုလ်မှ တစ်ဦး၊ ဩစတြေးလျနိုင်ငံတက္ကသိုလ်မှတစ်ဦး၊ ကိုရီးယားသမ္မတနိုင်ငံ တက္ကသိုလ်မှ Ph.D ကျောင်းသား လေးဦးနှင့် စင်ကာပူ နိုင်ငံတက္ကသိုလ်မှ Ph.D ကျောင်းသားတစ်ဦးတို့ဖြစ်ကြသည်။

ထို့နောက် ကွန်ပျူတာအသုံးချမှုဆိုင်ရာ ဆွေးနွေးပွဲကိုကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံ Hankuk Aviation University (HAU) မှ ပါမောက္ခ Dr. Keung Hae Lee က Ubiquitous Computing in the Home ခေါင်းစဉ်ကိုလည်းကောင်း၊ ဂျပန်နိုင်ငံ Osaka City University မှ ပါမောက္ခ Dr.Hiromitsu Hama က Basics for Moving Image Processing ခေါင်းစဉ်ကိုလည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ Hankuk Aviation Universityမှ ပါမောက္ခ Dr. Jong Sou Park က Internet Security and Survivability ခေါင်းစဉ်ကိုလည်းကောင်းအသီးသီးဖတ်ကြားတင်သွင်းရာ တက်ရောက်လာကြသူများက ပါဝင်ဆွေးနွေးပြီး အပြန်အလှန်မေးမြန်းချက်များကို ဖြေကြားကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကိုဆက်လက်ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံမှ Hankuk Aviation University နှင့် Kyung Hee University၊ စင်ကာပူနိုင်ငံ Nanyang Technological University နှင့် National University Singapore၊ ဂျပန်နိုင်ငံမှ Osaka City University၊ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှ University of Technology နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့မှ ပါမောက္ခများနှင့် Ph.D ပါရဂူဘွဲ့သင်တန်းသားများက ကွန်ပျူတာအသုံးချမှုဆိုင်ရာ စာတမ်းများကို ဖတ်ကြားဆွေးနွေးကြသည်။

ညနေ ၆ နာရီတွင် နည်းပညာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ HAU တို့အကြား သဘောတူစာချုပ်ကိုဒုတိယပါမောက္ခချုပ် ဦးတင်မောင်ညွှန့်နှင့် HAU မှ President တို့ကလည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ကိုရီးယားသမ္မတနိုင်ငံ Hankuk Aviation University(HAU) တို့အကြား သဘောတူစာချုပ်ကို ပါမောက္ခချုပ် ဒေါက်တာပိုက်တင်နှင့် HAU မှ President Dr. Soon Kil Hong တို့ကလည်းကောင်း လက်မှတ်ရေးထိုးကြသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၃ ရက်က (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သဃ်န်းကျွန်းမြို့နယ် ဆ/က ရပ်ကွက်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြပဟန်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ၊ အမက(၉) ကျောင်းတွင်း ကျောင်းပြင် ရေနုတ်မြောင်းတူးဖော်ခြင်း၊ ချုံနွယ် အမှိုက်များ ခုတ်ထွင်ရှင်းလင်းခြင်းများစုပေါင်းဆောင်ရွက်ကြစဉ်။ (က–ပ)

မိမိတို့နိုင်ငံအတွင်း အရွယ်မရောက်သေးသည့်ကလေးသူငယ်များအား စစ်မှုထမ်းများအဖြစ်စုဆောင်းခြင်းမပြုရန် ကာကွယ်တားဆီး ကလေးသူငယ်များအကျိုးကာကွယ်သည့်အမိန့်နှင့်ညွှန်ကြားချက်များတိကျစွာလိုက်နာ

ရန်ကုန် ဇန်နဝါရီ ၁၆

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဓေယျာသီရိဗိမာန်အစည်းအဝေးခန်းမ၌ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ စစ်ဥပဒေချုပ် ဗိုလ်မှူးချုပ် စိုးမောင်၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် အောင်ကြည်၊ ကော်မတီအတွင်းရေးမှူး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအောင်စံတင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှင်းလင်းမှာကြား

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ကော်မတီအနေဖြင့် **မိမိတို့နိုင်ငံအတွင်း၌ အရွယ်မရောက်သေးသည့်ကလေးသူငယ်များအား စစ်မှုထမ်းများအဖြစ်စုဆောင်းခြင်းများ မဖြစ်ပေါ်ရအောင် ကာကွယ်တားဆီးပြီး ယင်းကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေး၊ ထုတ်ပြန်ထားသော အမိန့်နှင့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရေးတို့အတွက် လိုအပ်သည်များ ကြပ်မတ် ဆောင်ရွက်သွားနိုင်ရန် ရည်မှန်းချက်ထားပြီး ညှိနှိုင်းဆွေးနွေးသွားကြရန်ဖြစ်ကြောင်းဖြင့်** ပဏာမ ရှင်းလင်းမှာကြားသည်။

ယင်းနောက် ကော်မတီဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့က အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီး အောင်စံတင်က အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံး၏ ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ကော်မတီဝင် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် အောင်ကြည်က အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းရေး အတွက် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံးမှ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသော ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများက အရွယ်မရောက်သေးသူ ကလေးသူငယ်များအားအတင်းအကြပ်စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးဆိုင်ရာ လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သင့်သည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက်အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင်ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

နှစ်ပတ်လည်အခမ်းအနားကျင်းပ ကျန်းမာရေးဝန်ကြီးဌာနသို့ဆေးလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံ ကျော်ဝင်းအင်န်ကုမ္ပဏီ၏(၁၂)နှစ်မြောက်နှစ်ပတ်လည်နှင့် မလေးရှားနိုင်ငံ Hovidကုမ္ပဏီ၏(၁၀)နှစ်မြောက် နှစ်ပတ်လည်ဂုဏ်ပြုညစာ စားပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ရက် ညနေ ၆ နာရီက ကုန်သည်ကြီးများဟိုတယ် Ball Room ၌ ကျင်းပရာ မလေးရှားနိုင်ငံ Hovid ကုမ္ပဏီဦးဆောင်ညွှန်ကြားရေးမှူး Mr. David Hoက နှုတ်ခွန်းဆက်စကား ပြောကြားပြီး Hovid ကုမ္ပဏီမှ ထုတ်လုပ်သောငွေကျပ် ၂၇၅၀၀၀၀ တန်ဖိုးရှိ ဆေးဝါးများကို ကျန်းမာရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးအောင်က လက်ခံယူသည်။

ထို့နောက် ကျော်ဝင်းအင်န်ကုမ္ပဏီ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ကျေးဇူးတင်စကားပြောကြားကာ ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံကြောင်း သိရသည်။ **(အောက်ပုံ)** **(က-ပ)**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းနှင့် ဧည့်သည်တော်များ အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန် (၂) တင်းနစ်ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ **(သတင်းစဉ်)**

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန် (၂) တင်းနစ်ပြိုင်ပွဲဒုတိယအကျော့ပွဲစဉ်များဆက်

ရန်ကုန် ဇန်နဝါရီ ၁၆

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF) နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် (TFM)တို့ ကြီးမှူးကျင်းပသောအသက် (၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၊ ဥက္ကဋ္ဌဦးဇော်ဇော် (Max Myanmar Co.,Ltd.)၊ အတွင်းရေးမှူးဒေါက်တာ တင်အောင်လင်း (Aung Mingalar Co.,Ltd.) နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ စစ်သံမှူးများ၊ ဖိတ်ကြားထားသူများ၊ တင်းနစ်အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

ဒုတိယအကျော့ပွဲစဉ်

ယနေ့ကျင်းပသော ဒုတိယအကျော့ပြိုင်ပွဲ ပွဲစဉ်များတွင်အမျိုးသားတစ်ဦးချင်းပွဲစဉ်များ၌ မြန်မာအသင်းမှ ဖြိုးမင်းသာ၊ အိုက်ကျော်၊ ဝင်းထက်ပိုင်နှင့်ဇင်ဘို၊ အမျိုးသမီးတစ် ဦးချင်းပွဲစဉ်များတွင် မြန်မာအသင်းမှ မိုးချစ်သဲတို့ကွာတားဖိုင်နယ်သို့ အသီးသီး တက်ရောက်သွားကြသည်။

ပထမအဆင့်ရှုံးထွက်ပွဲစဉ်

အမျိုးသား တစ်ဦးချင်း ဒုတိယအကျော့ပွဲစဉ်များတွင် ပထမအဆင့်ရှုံးထွက်ပွဲစဉ်၌ မြန်မာအသင်းမှ အိုက်ကျော်က မော်လဒိုက်မှ Saif ကို ၆-၀၊ ၆-၀ ဖြင့်လည်းကောင်း၊ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်တွင် သီရိလင်္ကာမှ Dinesh Kanthan ကို ၆-၂၊ ၆-၂ဖြင့်လည်းကောင်း၊ မြန်မာအသင်းမှ ဖြိုးမင်းသာက သီရိလင်္ကာမှ Prince ကို ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်တွင် ၆-၂၊ ၆-၀ဖြင့် လည်းကောင်း၊ မြန်မာအသင်းမှ ဝင်းထက်ပိုင်က ပါကစ္စတန်မှ Nazar ကို ဒုတိယအဆင့် ရှုံးထွက် ပွဲစဉ်တွင် ၆-၁၊ ၆-၀ ဖြင့်လည်းကောင်း၊ မြန်မာအသင်းမှ ဇင်ဘိုက မြန်မာအသင်းမှ အောင်ကိုကို ကို ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်တွင် ၆-၁၊ ၆-၂ ဖြင့်လည်းကောင်း၊ အမျိုးသမီး တစ်ဦးချင်း ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်တွင် မြန်မာအသင်းမှ မိုးချစ်သဲက မော်လဒိုက်မှ Abdulla ကို ၆-၁၊ ၆-၁ဖြင့် လည်းကောင်းအသီးသီးအနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့တက်ရောက်သွားကြသည်။

ဒုတိယအကျော့ပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်များကို ဇန်နဝါရီ ၁၇ ရက်နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။**(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ တက်ရောက်၍ ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ မူလတန်းကြိုကျောင်းကို ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်တင်တင်လတ်နှင့် ကျောင်းအလှူရှင် ဒဂုန်အင်တာနေရှင်နယ် လီမိတက် ဒါရိုက်တာ ဒေါ်မိုးမြမြတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

* ပန်းကလေးများမှ

ရှေးဦးစွာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်တင်တင်လတ်နှင့် ကျောင်းအလှူရှင် ဒဂုန်အင်တာနေရှင်နယ် လီမိတက် ဒါရိုက်တာ ဒေါ်မိုးမြမြတို့က မူလတန်းကြိုကျောင်း အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မူလတန်းကြိုကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့သည် မူလတန်းကြိုကျောင်း အဆောက်အအုံကို လှည့်လည်ကြည့်ရှုပြီး ကလေးငယ်များအား လက်ဆောင်ပစ္စည်းပေးအပ်သည်။

ထို့နောက် မူလတန်းကြိုကျောင်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပသည်။ ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ မအူပင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၊ ကျောင်းအလှူရှင် ဒဂုန်အင်တာနေရှင်နယ်လီမိတက် ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အသီးသီး အမှာစကားပြောကြားကြပြီးနောက် အလှူရှင်များက ငွေပဒေသာပင်အလှူငွေများပေးအပ်လှူဒါန်းကြသည်။ ဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်ကြပြီးနောက် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မူလတန်းကြိုကျောင်းသုံး သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီနာယက ဒေါ်တင်တင်လတ်က လက်ခံရယူသည်။

မူလတန်းကြိုကျောင်းဖွင့်လှစ်သည့်ဆားမလောက်ကျေးရွာသည် ရန်ကုန်-ပုသိမ်၊ ရန်ကုန်-ညောင်တုန်း အဝေးပြေးကားလမ်းများ၏ လမ်းဆုံ လမ်းခွတွင်တည်ရှိပြီး အိမ်ခြေ ၆၆၁ အိမ်၊ အိမ်ထောင်စု ၆၆၅ စုနှင့် လူဦးရေ ၃၂၀၀ နေထိုင်လျက်ရှိသည်။ ရန်ကုန်မှ ယင်းကျေးရွာအထိ ၂၈မိုင် ကွာဝေးသည်။

ယခုဖွင့်လှစ်လိုက်သော မူလတန်းကြိုကျောင်းကို ဒဂုန်အင်တာနေရှင်နယ်လီမိတက်မှ ငွေကျပ် ၄၅သိန်း အကုန်အကျခံ တည်ဆောက်လှူဒါန်းပြီး ဆားမလောက်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ကလေးသူငယ် ၁၁၁ ဦးလက်ခံ သင်ကြားပေးသွားမည်ဖြစ်သည်။

ပံ့ပိုးကူညီ

မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသည် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့တစ်ရပ်ဖြစ်ပြီး ၁၉၉၀ပြည့်နှစ် နိုဝင်ဘာလ ၉ရက်နေ့တွင် ဥပဒေအမှတ် ၂၁/၉၀ ဖြင့် ပြဋ္ဌာန်းပေးခဲ့၍ ၁၉၉၁ခုနှစ် ဧပြီလ ၃၀ရက်တွင် အသင်းအဆင့်ဆင့်ကို စတင်ထူထောင်ခဲ့ပေသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်များ၊ ကလေးများနှင့် မိသားစုဝင်များအတွက် ကျန်းမာရေးနှင့် လူနေမှုဘဝ မြင့်မားရေးကို ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာ့လူ့ဘောင် အဖွဲ့အစည်းကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် အသင်းအဆင့်ဆင့်အနေဖြင့် အမိဝမ်းတွင်းပဋိသန္ဓေနေသည့် သန္ဓေသားမှသည် သက်ကြီးရွယ်အိုအဆုံး အလုံးစုံသော ပြည်သူတစ်ရပ်လုံးကို စောင့်ရှောက်မှုပေးနေခြင်းလည်းဖြစ်သည်။ သုံးသန်းကျော်သော အသင်းဝင်များက အားတက်သရော လုပ်ဆောင်လျက်ရှိသည်။

ပညာရေးနယ်ပယ်တွင် လုပ်ဆောင်လျက်ရှိသော လုပ်ငန်းများအနက် အခြေခံအကျဆုံးလုပ်ငန်းမှာ အသက်သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးသူငယ်များအတွက် ကာယ၊ ဉာဏ၊ စာရိတ္တနှင့် မိတ္တခြောက်တန်၊ ဗလလေးတန် ဖွံ့ဖြိုးမှန်ရုံမက ဘောဂဗလအခြေခံ စည်းစနစ်နှင့် နေထိုင်စားသောက် သွားလာ လုပ်ကိုင်သုံးစွဲခြင်းဆိုင်ရာများကိုလည်း လေ့ကျင့်ပေးခြင်းဖြင့် ဗလငါးတန် ပြည့်မှန်တင့်ဖြိုးစေသည်။ မူလတန်းကြိုကျောင်း၊ တစ်နည်းအားဖြင့် ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဌာနများကို နိုင်ငံအနှံ့အသင်းခွဲအသီးသီးက ထူထောင်လေ့ကျင့်ပေးလျက်ရှိသည်။ ဤသို့ဖြင့် ၁၉၉၆ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျောင်းပေါင်း ၁၀၃၅ကျောင်းတွင် ကလေးပေါင်းလေးသောင်းကျော်ကို ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ထိုနေ့ဖွင့်ပေးလိုက်သော မူလတန်းကြိုကျောင်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက "ကူညီပံ့ပိုးသူများ၏ စေတနာအထမြောက်စေရေး၊ မိမိဒေသမှ ကလေးငယ်များ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများရရှိရေးတို့ကို အသင်းဝင်များက ဒေသခံအာဏာပိုင် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများနှင့်အတူ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် စုပေါင်းဆောင်ရွက်သွားကြရန်" မှာကြားခဲ့သည်။ ဤမှာကြားချက်မှာ ဆားမလောက် အသင်းခွဲ မူ/ကြိုအတွက်သာမက တစ်နိုင်ငံလုံးရှိ အသင်းအဆင့်ဆင့်ပိုင် မူကြိုအားလုံးကို လုပ်ငန်းရှင်သန်ရေး၊ ရေရှည်တည်တံ့ရေးနှင့် ရည်ရွယ်ချက်များကို ထိရောက်ထက်မြက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့အတွက် မီးမောင်းထိုးပြခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မူလတန်းကြိုကျောင်း ကလေးငယ်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ပီတိစကား

မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်က ရှင်းလင်းတင်ပြရာတွင်လည်း "ဆားမလောက်ကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲအနေဖြင့် နောင်တစ်ခေတ်မှာ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးသည့် မျိုးဆက်သစ်ရင်သွေးငယ်များဖြစ်လာရန် ပြုစုပျိုးထောင်ပေးရန် ၂၆-၁-၉၈တွင် ဆရာမလေးဦး ကြီးကြပ်သော ကလေးငယ် ၁၄၈ ဦးကို လက်ခံပြီး စတင်ဖွင့်လှစ်ရာ နေရာအခက်အခဲရှိ၍ ကားသံ၊ လူသံဆူညံသော ကားလမ်းနံဘေး သံဃာ့ဒါနဆွမ်းလောင်းမဏ္ဍပ်တွင် ဆောင်ရွက်ခဲ့ရာမှ ယခုကဲ့သို့ "အခါတော်သင့် အခွင့်တော်သာ"၍ လွန်စွာဝမ်းမြောက်မိကြောင်း ရှင်းတွင်းဖြစ် ပီတိစကားကြားခဲ့သည်။

နှစ်ဆောင်ပြိုင်ကျောင်းဆောင်အလှူရှင် ဦးဝင်းအောင်က ရှင်းပြရာတွင်လည်း "မိမိနှင့်မိသားစုအနေဖြင့် အသင်းကြီး၏ ပညာရေးလုပ်ငန်းစဉ်များမှာ တစ်ခုအပါအဝင်ဖြစ်သည့် မူကြိုကျောင်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ပန်းတောစံပြကျေးရွာအသင်းခွဲတွင် တစ်ကြိမ်၊ ကျောက်တန်းမြို့နယ် မူကြိုကျောင်းနှင့် အသင်းရုံး အဆောက်အအုံအတွက် ဆောက်လုပ်ဆဲ တစ်ကြိမ်နှင့် ယခုဆားမလောက်တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်ရှိပြီဖြစ်ရာ ဥက္ကဋ္ဌရှင်းပြ၍ ဤလုပ်ငန်း၏လေးနက်မှုရှိပုံကို ကျယ်ကျယ်ပြန့်ပြန့် သိလာရသောအခါ နောင်ကိုလည်း ဆတက်ထမ်းပိုးတိုးလှူသွားမည်ဖြစ်ကြောင်း" ဝမ်းမြောက်ပီတိကုသိုလ်ပြုစကားပြောကြားသည်။

ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဧရာဝတီတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားရာ၌ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီရုံး၊ ကျေးလက်ကျန်းမာရေးဌာနနှင့် အခြေခံပညာအထက်တန်းကျောင်းတို့၏ အရိပ်အာဝါသအောက်သို့ရောက်လာပြီဖြစ်၍ မူကြိုကလေးများအတွက် ဝန်းကျင်ကောင်းလည်းရပြီဖြစ်ကြောင်းနှင့် ထူးချွန်ပြောင်မြောက်သော အနာဂတ်သားကောင်းများကို မွေးထုတ်ပေးရန်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ဝမ်းသာပီတိရဲ့ကတိပြုမှုကို ကြားသိမှတ်သားခဲ့ရသည်။

ထို့ကြောင့်ပင် မြန်မာတစ်နိုင်ငံလုံးရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆင့်ဆင့်ပိုင် မူလတန်းကြိုကျောင်းပေါင်း တစ်ထောင်ကျော်၏ ပြယုဂ်တစ်ခုဖြစ်သော ဆားမလောက်ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲပိုင် မူလတန်းကြိုကျောင်းကလေးကို မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဒေါက်တာသန်းဦး၏ စပ်ဆိုသည့် အောက်ပါလေးချိုးကဗျာဖြင့် မှတ်တမ်းတင်ဂုဏ်ပြုလိုပါတော့သည်။

ကြွားလောက်အမှုပို ဆားမလောက်မူကြို

❖ 'ဆားမလောက်'ရယ်လို့
ကြွားလောက်စရာ အမှန်ဆုံးပေပေါ့
'ညောင်တုန်း'ရွှေနဂရာက
ညီညာရှာ ပြည်သူတစ်စုသာပ
ညွှန်းပြုနေရာ။

❖ 'အေးချမ်းဖြိုး'ဦးဆောင်ပါ
'ပြည်နိုင်ဖြိုး'တစ်ဖြာ 'မိခင်ကလေး'ရယ်နဲ့
မနေးတလီ 'အရန်မီးသတ်'ကယ်စုံညီလို့
'ကြက်ခြေနီ' 'အမျိုးသမီးရေးရာ'ပါအတူတကွ
ဌာနဆိုင်ရာ 'ကျန်းမာ' 'ပညာ' 'ပြည်သူ့ရဲ'အစဖြာလျက်
လက်တွဲညီညာ။

❖ ပြည်သူ့ဆန္ဒဝေဖြာ
မငြင်းနိုင်ပါခေါင်းဆောင်အများ။

❖ 'အရှင်မွေးနေ့ချင်းကြီး'ဆိုသလိုပ
မရွှေ့မယွင်းပြီးရန် အလှူရှင်ရှာလို့
သေချာ ရေရာ မကွေမကွာ ရောက်ပါပေါ့
ဝိသုကြံ့လာဆောက်သယောင်
နှစ်ဆောင်ပြိုင် မူကြိုကျောင်းကလေးရယ်
(ကွယ်......)ကောင်းလှချည့်လား။ ■

(မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌကြီး ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဧရာဝတီတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီနာယကကြီးနှင့် ကော်မတီဝင်များ၊ အလှူရှင်ဒဂုန်အင်တာနေရှင်နယ်လီမိတက်မှ ဦးဝင်းအောင်နှင့် မိသားစုများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများကိုယ်တိုင်တက်ရောက်ကြပြီး ၁၅-၁-၂၀၀၄ရက် နံနက်တွင် ဖွင့်လှစ်ပေးသော ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲပိုင် မူလတန်းကြိုကျောင်း ဖွင့်ပွဲအမှတ်တရ။)

ဒေါက်တာသန်းဦး
(၁၅-၁-၂၀၀၄)

ဇန်နဝါရီ ၁၆ရက်က လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ရန်ကုန်တိုင်းမူလတန်းကြို ကျောင်းပေါင်းစုံ ကာယစွမ်းရည်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားတွင် ဆုရရှိသော ကျောင်းသား၊ကျောင်းသူများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စလင်းမြို့နယ်အသင်းနှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

စလင်းမြို့နယ်အသင်း(ရန်ကုန်မြို့)၏ (၃၂)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၈ နာရီတွင် မဟာဗန္ဓုလလမ်းနှင့် ကုန်ဈေးတန်းလမ်းထောင့်ရှိ မဟာသိမ်တော်ကြီးမဏ္ဍပ်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ တက်ရောက်ရန် နှိုးဆော်ထားသည်။

သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအတွက် အလှူငွေများကို အစည်းအဝေးတွင်လည်းကောင်း၊ ကြိုတင်၍လည်းကောင်း လှူဒါန်းကြရန်နှင့် အသက်(၇၅)နှစ်ပြည့် အသင်းဝင်စာရင်းနှင့် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရ အသင်းဝင်သားသမီးများစာရင်းကို ဒေါက်တာထွန်းဆိုင် ဖုန်း-၆၁၀၈၁၇၊ ဦးစန်းညိုအောင် ဖုန်း-၆၈၁၂၃၀ နှင့် ဦးလင်းသက်မော် ဖုန်း-၀၉-၅၀-၁၂၁၅၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

လုပ်သားများကောလိပ်(ရူပဗေဒ) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

၁၉၇၂-၇၇ ပညာသင်နှစ် လုပ်သားများ ကောလိပ်(ရူပဗေဒ) အဓိက ကျောင်းသားကျောင်းသူများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အိုလံပစ်တာဝါ ၁၂ ထပ် အခန်း(၁) ဗိုလ်အောင်ကျော်လမ်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူများထံသို့ ဖိတ်စာများပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။ (က-ပ)

ဂုဏ်ပြုကျေးဇူးတင်လွှာ

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ကျင်းပလျက်ရှိသည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ အလှူငွေများလာရောက်လှူဒါန်းပေးခဲ့ကြသည့် အောက်ပါအလှူရှင်များအားကျေးဇူးတင်စွာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

(၁)	ဦးခင်မောင်ထူး (မန်နေဂျင်းဒါရိုက်တာ) အမေရိကန်ဆားဗစ်(မြန်မာ)ကုမ္ပဏီလီမိတက်မှ အလှူငွေ	၁၀၀၀၀၀၀ိ/-
(၂)	ဦးစောအောင်နိုင်(မြန်မာ့အလင်း တူရိယာကုမ္ပဏီလီမိတက်)မှ အလှူတော်ငွေ	၁၀၀၀၀၀၀ိ/-
	စုစုပေါင်းအလှူငွေ	**၂၀၀၀၀၀၀ိ/-**

(၅၉)နှစ်မြောက်တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီ။

MYANMAR IVANHOE COPPER COMPANY LIMITED INVITATION TO TENDER EXPLORATION DRILLING PROGRAM

MICCL invites sealed Tender from suitable Drilling Contractors to perform an Exploration Drilling Program at the Sebetaung and Kyesintaung Mine Site, west bank of Monywa,Myanmar.

The program shall be 21 drillings of approximately 1485 linear meters of drilling HQ and RC holes.

Quotation shall be on a linear meter drill basis and be inclusive of all costs associated with the program including consumables. Mobilization and De-mobilization shall be separate items in the quotation.

Bidding documents will be available on payment of FEC 100.00 (FEC one hundred only) from the following address during office hour between 9:30 a.m and 5:30 p.m. with effect from 19-01-2004.

Tender closing date is 30-01-2004 at 4:00 p.m.

Application for bidding to Exploration Drilling Program Tender
70(I),Bo Chein Street
Pyay Road, Hlaing Township
Yangon (Phone: 951-514194 to 951-514197. Fax: 951-514208)

General Manager,
Myanmar Ivanhoe Copper Company Limited.

သီရိသုဓမ္မမဏိဇောတဓရ ဦးဘဌေး(လူမှုထူးချွန်တံဆိပ် ဒုတိယဆင့်)အတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

မိုးကုတ်မြို့နယ် ကျပ်ပြင်အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း နာယက ရွှေရတနာသုံးထပ်ကျောင်းဆောင်သစ်ကြီး အလှူရှင် မိုးကုတ်မြို့ အထက်လယ်ဦးရပ်နေ ဦးဘဌေး (လူမှုထူးချွန်တံဆိပ် ဒုတိယဆင့်)အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၄-၁-၂၀၀၄ ရက်တွင် ချီးမြှင့်သော သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ကို ထပ်မံချီးမြှင့်ခြင်းခံရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ကျောင်းအုပ်ဆရာမကြီးဒေါ်မြတင်နှင့် ပညာရေးမိသားစု၊
မိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့။

အသုံးချစာရင်းနှင့်အုပ်ချုပ်မှုပညာသင်တန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူး၍ အသုံးချစာရင်းနှင့် အုပ်ချုပ်မှု ပညာသင်တန်း (Applied Accounting & Management) UMFCCI Level II အပတ်စဉ်(၇)သင်တန်းကို ဇန်နဝါရီ ၃၁ရက်မှစတင်၍ စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်၍ UMFCCI Level I အောင်မြင်ပြီးသော သင်တန်းသားများ လျှောက်ထားနိုင်ပြီး သင်တန်းသားတစ်ဦးချင်းအား ကွန်ပျူတာဘာသာရပ်များကို ခေတ်မီကွန်ပျူတာစက်တစ်လုံးစီဖြင့် တွဲဖက် လေ့ကျင့်သင်ကြားမည်ဖြစ်သည်။ သင်တန်းလျှောက်လွှာများကို ကုန်သည်/စက်မှုအသင်းချုပ်ရုံး၊ အမှတ် ၅၀၄/၅၀၆ ကုန်သည်လမ်း(၃၉ လမ်းထောင့်) ကျောက်တံတားမြို့နယ် ဖုန်း- ၂၄၆၄၉၅၊ ၂၄၃၁၅၁၊ ၃၈၁၂၈၄ နှင့် ၃၈၁၂၈၅တို့သို့ ဆက်သွယ် လျှောက်ထားနိုင်ကြောင်း သိရသည်။ (က-ပ)

ဗိုလ်တထောင်ကွန်ဒိုမီနီယမ်

ဗိုလ်မြတ်ထွန်းလမ်း (အောက်လမ်း)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

Tower " B " "အရောင်းစတင်ဖွင့်လှစ်ခြင်း " (ဦးရာလူစနစ်)

ASIA EXPRESS (YGN) CO., LTD. မှ အခန်းဖွဲ့ (Room Type) ပုံစံဖြင့် တည်ဆောက်ထားပါသည်။

Residential Typical Foor



- 6 units / Floor (Total (9) Floors)
- 15 ယောက်စီး (Duplex) (၂) စီး
- ကားရပ်နားရန် 2nd Floor Car Parking
- 1250 / 1725 / 2125 Sqft (၃)မျိုးကြိုက်ရာရွေးနိုင်ပါသည်။
- Unit တိုင်းတွင် လေနှင့်အလင်းရောင်အဝင်/အထွက်ကောင်းမွန်သော ပြတင်းပေါက်များ၊ အခန်းတိုင်းတွင်ပါရှိပါသည်။
- ကိုယ်ပိုင် Transformer နှင့် မီးစက် (၂၄)နာရီမီးပေးစနစ်။
- အရစ်ကျငွေပေးချေစနစ်ဖြင့် ဝယ်ယူနိုင်ပါသည်။

ပထမ (၁၀)ခန်းအား ၃၅%လျှော့၍ ရောင်းချပါမည်။
ဒုတိယ(၁၀)ခန်းအား ၃၀%လျှော့၍ ရောင်းချပါမည်။
တတိယ(၁၀)ခန်းအား ၂၅%လျှော့၍ ရောင်းချပါမည်။

အရောင်းခန်းမ - Asia Express (YGN) Co., Ltd.
ပုလဲကွန်ဒိုမီနီယံ၊ ဒုတိယထပ်၊ ကမ္ဘာအေးစေတီလမ်းနှင့်ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၀၁)-၇၀၃၃၀၇ ၊ ၅၅၃၄၉၆ ၊ (၀၉) - ၅၀ - ၁၈၇၁၄

ပျူခေတ်သုံးပစ္စည်းများတွေ့ရှိမှု မြန်မာနိုင်ငံတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်တစ်လျှောက်လုံး မြန်မာတိုင်းရင်းသားမျိုးနွယ်စုများ အတည်တကျအခြေချနေထိုင်လာခဲ့ကြကြောင်း သက်သေပြနိုင်

ရန်ကုန် ဇန်နဝါရီ ၁၆

ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်သည် ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်နှင့် ဦးစီးအရာရှိများ လိုက်ပါလျက် ဇန်နဝါရီ ၉ ရက်က မန္တလေးတိုင်း ရမည်းသင်းမြို့နယ်မြို့လှကျေးရွာသို့သွားရောက်ပြီး ရှေးဟောင်းသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) မန္တလေးဌာနခွဲမှ တူးဖော်သုတေသနပြုလျက်ရှိသော ကြေးခေတ်နှောင်း သံခေတ်ဦး ပျူယဉ်ကျေးမှု ထွန်းကားခဲ့ရာ နေရာဌာနများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအား ရှေးဟောင်းသုတေသနဦးစီးဌာန(အထက်မြန်မာပြည်) မန္တလေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးမိုးကျော်ကျော်က မြို့လှကျေးရွာ ပတ်ဝန်းကျင်၌ ရှေးဦးပျူယဉ်ကျေးမှု အထောက်အထားများ ကွင်းဆင်းရှာဖွေမှု၊ တွေ့ရှိရမှု၊ မြို့လှကျေးရွာအနီး၌ တူးဖော်သုတေသနပြုနေမှုနှင့် လူအရိုးစုအချို့ တူးဖော်တွေ့ရှိမှု၊ ပျူပုတီးလုံး၊ ပုတီးတောင့်များတူးဖော်တွေ့ရှိမှု၊ မြေအိုးမြေခွက်များတူးဖော်တွေ့ရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို မှာကြားသည်။

ထို့နောက်ဝန်ကြီးသည် မြို့လှကျေးရွာ အနောက်ဘက်နှစ်မိုင်ခန့် အကွာရှိ ရှေးဟောင်းသံချက်ဖိုများ တည်ရှိရာ ဝါးရုံတောရွာသို့ သွားရောက်ကြည့်ရှုသည်။ ဝါးရုံတောရွာ တောင်ကုန်းငယ်ပေါ်၌ သံချက်ဖိုကြီး သုံးခုနှင့် ချော်ခဲများ၊ သံကျွတ်ရောချော်တုံးများ၊သံသတ္တုရောနှောပါရှိသည့် ကျောက်တုံးများ အမြောက်အမြားတွေ့ရှိရသည်။ ဆက်လက်၍ ဝန်ကြီးသည် မြို့လှရွာအနီး အမှတ်(၁) တူးကွက်များနှင့် အမှတ်(၃)တူးကွက် များမှ တူးဖော်တွေ့ရှိရသော လူအရိုးစုများနှင့် သံလက်နက်ပစ္စည်းများကို သွားရောက်ကြည့်ရှုပြီး ကြေးခေတ်နှောင်း သံခေတ်ဦးကာလ လူအရိုးစုများကို တွေ့ရှိခြင်းဖြင့် မြန်မာနိုင်ငံတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ် တစ်လျှောက်လုံး မြန်မာတိုင်းရင်းသားမျိုးနွယ်စုများ အတည်တကျ အခြေချနေထိုင်လာခဲ့ပြီးဖြစ်ကြောင်းသက်သေပြနိုင်ပြီဖြစ်သည့် ခိုင်လုံသော အထောက်အထားများဖြစ်၍ ဆက်လက် သုတေသနပြုရန်နှင့် စနစ်တကျ ထိန်းသိမ်းထားရှိရန် မှာကြားသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၀ရက်နံနက်ပိုင်းက တပ်ကုန်းမြို့နယ် သရက်တောအုပ်စု ပိုးစာတောကျေးရွာအနီး၌ ရှေးဟောင်းသုတေသန ဦးစီးဌာနမှ တူးဖော်သုတေသနပြုလျက်ရှိသော ကြေးခေတ်နှောင်း သံခေတ်ဦး ပျူပုတီးများ တွေ့ရှိရာနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးအား ရှေးဟောင်းသုတေသနဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူးဦးမြတ်ဆွေက တူးဖော်သုတေသနပြုရာမှ ပျူပုတီးစေ့နှင့်ပုတီးတောင့်များ၊ သံမြားခေါင်း၊ သံတူရွင်း လက်နက်ကိရိယာတွေ့ရှိမှု၊ အိုးခြမ်းကွဲတွေ့ရှိရမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက တူးဖော်ထားသည့် တူးကွက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးသည် တပ်ကုန်းမြို့မှတစ်ဆင့် လယ်ဝေးမြို့ရှိ သမိုင်းဝင် ရန်အောင်မြင် ရွှေလက်လှဘုရားသို့ရောက်ရှိရာ လျှပ်ဒဏ်ကြောင့်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေး ဖူးမြော်ကြည်ညိုပြီး အလှူငွေကျပ်တစ်သိန်း လှူဒါန်းသည်။ ဆက်လက်၍ဝန်ကြီးသည် ရွှေလက်လှဘုရား၏ အနောက်မြောက်ဘက်ရှိ ရှေးဟောင်းကျုံးနှင့် မြို့ရိုးများကို သွားရောက်ကြည့်ရှုကာ မည်သည့် ခေတ်ကာလက တည်ဆောက်ခဲ့သော မြို့ရိုးများဖြစ်ကြောင်း ဖော်ထုတ်သိရှိနိုင်ရေးအတွက် တူးဖော်သုတေသနပြုသွားရန် တာဝန်ရှိသူများအားမှာကြားသည်။ ဝန်ကြီးသည် ညနေပိုင်းတွင် လယ်ဝေးမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

ဇန်နဝါရီ ၁၁ရက်က ကျင်းပသည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၃)၏ ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနားတွင် မိဘဆရာအသင်းဝင်တစ်ဦးက ဒုတိယတန်း(က)မှ ထူးချွန်ဆုရရှိသူ မရီနွယ်လွင်အား ဆုချီးမြှင့်စဉ်။

(က–ပ)

ကုသိုလ်ကံပွင့် ပဋ္ဌာန်းကျင့်စဉ်စာအုပ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၆

ရွှေပေါက္ကံ စေတော်ဝင်ကျောင်း အရှင်ဇေယျသိဒ္ဓိဓမ္မဥာဏိက ဆရာတော်ကြီး၏ ထူးခြားထင်ရှားသော ကျင့်စဉ်များကို လေ့လာ၍ စာရေးဆရာ မြေလတ်မြတ်သူ ရေးသားပြုစုသော ကုသိုလ်ကံပွင့် ပဋ္ဌာန်းကျင့်စဉ်စာအုပ်ကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် လမ်း ၅၀ အမှတ် ၁၉၉ ဝင်းတိုးအောင်စာပေ ဖုန်း– ၂၉၁၀၈၁နှင့် ထွန်းဦးစာပေ မန္တလေးတို့က တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိထားသည်။ **(အပေါ်ပုံ) (က–ပ)**

အခြေခံဆေးတပ်စုသင်တန်းနှင့် အခြေခံမီးသတ်ပညာသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၆

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဗဟိုမီးသတ် သင်တန်းကျောင်းရှိ အနော်ရထာခန်းမ၌ ဇန်နဝါရီ ၁၂ရက် နံနက်ပိုင်းက အခြေခံဆေးတပ်စု သင်တန်းအမှတ်စဉ်(၁/၂၀၀၄)အခြေခံ မီးသတ်ပညာ သင်တန်း အမှတ်စဉ်(၂၅/၂၀၀၄)သင်တန်းဖွင့်ပွဲ အခမ်းအနားများကို ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်၇၀၀ တပ်မှူးဗိုလ်မှူးချုပ်ထွန်းရီ၊ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ရဲဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းရှိ အရာရှိတပ်ဖွဲ့ဝင်များ၊ သင်တန်းကျောင်းနည်းပြ များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အခြားသင်တန်းများမှသင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖြည့်ဆည်း

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဇန်နဝါရီ ၁၃ရက်တွင် မန္တလေး တိုင်း မီးသတ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက်မန္တလေးမြို့ပေါ်ရှိ မီးသတ် စခန်းများကို စစ်ဆေးရာ မောရဂီဝါနှင့် ပြည်ကြီးပျော်ဘွယ်အနောက် မီးသတ်စခန်းများရှိ မီးသတ်စက်ယာဉ်များ ကြံ့ခိုင်ကောင်းမွန်မှု အခြေအနေ၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကိုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

တက်ရောက်

ဇန်နဝါရီ ၇ ရက်က အင်းစိန်မြို့နယ် ပြည်လမ်းနှင့် မင်းဓမ္မလမ်းထောင့်တွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ မြေစိုက်ပိုစတာ ဖွင့်ပွဲ ကျင်းပရာ ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးစိုးအောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ Ranbaxy-Myanmar မှ ဌာနေမန်နေဂျာ မစ္စတာဒင်းနစ်ရှ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြစဉ်။ (၃၈၇)

တောင်ကြီး–အောင်ပန်းမြို့များတွင် ကုန်စည်ပြပွဲကျင်းပမည်

HORIZON
Tel : 01-547279, 0980-34294
တောင်ကြီး – အောင်ပန်း

ရန်ကုန် ဇန်နဝါရီ ၁၆

